ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၆၁)

## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ကိုယ်စား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် နယ်သာလန်နိုင်ငံသံအမတ်ကြီး **H.E. Mr. Gerard J.H.C Kramer** အား ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း

ခေါင်းကြီး

သတင်း

ဆောင်းပါး

အညွှန်း



“ဗုဒ္ဓသာသနာ တစ်ကမ္ဘာလုံးထွန်းလင်းတောက်ပစေရန် မြန်မာနိုင်ငံတွင် ကြံ့တောင့်ကြံ့ခံ ကျင်းပခွင့်ရခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး မကြာမီကျင်းပတော့မည်”

ခေါင်းကြီး(စာ-၂)

“တရားဓမ္မကိုအစဉ်ကျင့်သုံးနေထိုင်သောသူများသည် စားနပ်ရိက္ခာပေါများခြင်း၊ အလှူတော်မင်္ဂလာ အဆက်မပြတ်ပေးနိုင်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ပွားများနိုင်ခြင်းဟူသော အကျိုးထူးများ ရရှိခံစားကြရပါမည်”

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)၏ “တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့” (စာ-၁၀)

“ကုလကိုဘေးချိတ်ပြီး အီရတ်ကိုအမေရိကန်တိုက်ခိုက်ခဲ့မှု ကုလသမဂ္ဂအား အကျပ်အတည်းဆုံးဖြစ်အောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်”

နိုင်ငံတကာသတင်း (စာ-၅)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်)

# မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပနေ ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင်စွာကျင်းပပြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာ နိုင်ငံဖြစ်သည်။ သဗ္ဗညု မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူသည့် မဟာသက္ကရာဇ်၁၀၃ ခုနှစ် သာသနာသက္ကရာဇ်တစ်ခုနှစ် မှစ၍ ယခုသာသနာ သက္ကရာဇ် ၂၅၄၈ ခုနှစ်တိုင်အောင် သာသနာတော် နေလိုလလို ထွန်းလင်းတောက်ပ နေသည့်နိုင်ငံဖြစ်သည်။ သာသနာတော် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်ကြာတည်တံ့စေရန် သာသနာသက္ကရာဇ် တစ်ခုနှစ်မှစ၍ သင်္ဂါယနာတင်တော်မူခဲ့ရာ သင်္ဂါယနာ ခြောက်တန်တင်တော်မူခဲ့ပြီးဖြစ်သည်။ ထိုသင်္ဂါယနာ ခြောက်တန်အနက် မြန်မာနိုင်ငံ မန္တလေးမြို့၌ ပဉ္စမသင်္ဂါယနာနှင့် ရန်ကုန်မြို့၌ ဆဋ္ဌသင်္ဂါယနာတို့ကို တင်တော်မူနိုင်ခဲ့သည်။

ထိုသို့တင်တော်မူခဲ့ရာတွင် ပဉ္စမသင်္ဂါယနာတင်စဉ်က အတိုင်းပင်လျှင် ဓမ္မဝိနယ ပိဋကသုံးပုံ၊ နိကာယ် ငါးရပ်၊ အင်္ဂါကိုးတန်၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀၊ ဇကေနိပါတ်၊ ဒုကနိပါတ်စသည့်အားဖြင့် အစီအစဉ် နေရာတကျဖြစ်အောင် ခွဲခြားသတ်မှတ်၍ သင်္ဂါယနာတင်တော်မူခဲ့ရာ မြန်မာနိုင်ငံ၏ ပိဋကသုံးပုံသည် ပဉ္စမ သင်္ဂါယနာတင်စဉ်ကအတိုင်းပင် ရှေးမူမပျက် တည်ရှိနေလေသည်။

ယခုအခါ ဗုဒ္ဓသာသနာ တစ်ကမ္ဘာလုံး ထွန်းလင်းတောက်ပစေရန်အတွက် မြန်မာနိုင်ငံတွင် ကြိုတောင့်ကြိုခဲကျင်းပခွင့်ရခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး မကြာမီကျင်းပတော့မည် ဖြစ်သည်။

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရန်အတွက် စတုတ္ထအကြိမ် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် စက်တင်ဘာလ ၂၆ရက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသော စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ပြီး ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင် –

**“မြန်မာနိုင်ငံတွင် ယခုကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ထေရဝါဒ ဗုဒ္ဓဘာသာ ပီပီသသဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ခံ့ညားထည်ဝါစွာ ဆင်ယင်ကျင်းပသွားနိုင်ရေးကို အလေးထားဆောင်ရွက်ကြရန် လိုကြောင်း”**

မှာကြားသွားသည်။

မြန်မာနိုင်ငံတွင် သင်္ဂါယနာ ခြောက်တန်တင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို တစ်ခုတည်းသော သံဃာ့အဖွဲ့အစည်းကြီးအတွင်း တည်ရှိအောင်၊ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်နိုင်သည်ကို ကြည်ညိုဖွယ်ရာ မြင်တွေ့ရသည်။

ထို့အပြင် ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို တစ်ကမ္ဘာလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်ခဲ့ပြီးပြည်တွင်း၊ ပြည်ပ သာသနာ့အရှင်သူမြတ်များ ထွန်းကားပြန့်ပွားစေရန် ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းသို့ သာသနာတော် စည်ပင်ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်တော်မူနိုင်သော မြန်မာနိုင်ငံ၌ မကြာမီကျင်းပတော့မည်ဖြစ်သည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက် လာကြမည့် ဧည့်သည်တော်များ၏ စိတ်သန္တာန်တွင် မြန်မာနိုင်ငံ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားနေပုံများကို ထာဝရစွဲထင်ကျန်နေရစ်စေရန် ကဏ္ဍအလိုက် ကြိုးပမ်းလုပ်ဆောင် လျက် ရှိကြသည်။

သို့ဖြစ်ရာ မကြာမီကျင်းပတော့မည့်စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး အောင်မြင် စွာ ကျင်းပနိုင်ရေးနှင့် ညီလာခံသို့တက်ရောက်လာကြမည့် ကမ္ဘာ့နိုင်ငံများမှ ဧည့်သည်တော်များ မြန်မာ နိုင်ငံ၏ ထေရဝါဒဗုဒ္ဓသာသနာ နေရောင်၊ လရောင်ပမာ ထွန်းလင်းတောက်ပနေပုံတို့ကို မြင်တွေ့ ကြည်ညိုနိုင်ကြရန် တာဝန်ရှိသူအသီးသီးက ကြိုးပမ်းဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၈-၉-၂၀၀၆

(အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Study of Immediate Inference (ဒဿနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
- ၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ မိုးလေဝသသတင်း
- ၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မဆုတ်မနစ်”**(အပိုင်း–၁၅)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိန်းငှက်သူရဲကောင်း”** (အပိုင်း–၈)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



## ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး သက်ကြီးရွယ်အိုများ ပူဇော်ကန်တော့ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

**ဒဂုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် ဆဋ္ဌမအကြိမ်မြောက် သက်ကြီးရွယ်အိုများ ပူဇော်ကန်တော့ပွဲနှင့် ထောက်ပံ့လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန်တော်ကြီး ဓမ္မာရုံတွင်ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန် ပထမဆင့်) ဒေါ်မိမိခင်က အဖွင့်အမှာစကား ပြောကြားပြီး အပူဇော်ခံသက်ကြီးများကို ကန်တော့၍ ကန်တော့ခံအဘိုးအဘွားများအားလှူဖွယ်ပစ္စည်းများပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အပူဇော်ခံသက်ကြီးအဘွား ဒေါ်သိန်းဆိုင်(စာရေးဆရာမ မမြလေး)က ဆုတောင်းဩဝါဒချီးမြှင့်ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ (လူမှုထူးချွန်ပထမဆင့်) ဒေါ်မိမိခင်က ကျေးဇူးတင်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

## တက္ကသိုလ်ဝင်တန်းအောင်နှင့် ဂုဏ်ထူးရကျောင်းသားကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အထက(၂)ဗဟန်းတွင် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**



ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၃–၂၀၀၄ ခုပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်းအားကစားခန်းမ၌ ကျင်းပရာ ကျောင်းမိဘဆရာအသင်းနာယက စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၏ဇနီး ဒေါ်စိုးဝတ်ရည် တက်ရောက်အားပေးချီးမြှင့်သည်။ ရှေးဦးစွာ ဗဟန်းမြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက်ကျောင်းသား ကျောင်းသူ ကလေးများ၏ ရခိုင်၊ ရှမ်းနှင့် ကချင်တိုင်းရင်းသား ရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ပြီး “ဆရာဝန်နှင့်လူနာ” တစ်ခန်းရပ်ပြဇာတ်ကို တင်ဆက်ဖျော်ဖြေသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကိုကျင်းပရာ ဦးကိုကိုအေး–ဒေါ်သီသီနိုင် မိသားစုကငွေကျပ် ၂၅၆၂၀၀၀ **(အပေါ်ယာပုံ)**၊ ဒေါ်စန္ဒာညွန့်တင်က ငွေကျပ် ၂၆၉၀၀၀၊ Santac ကုမ္ပဏီမှ ဦးစစ်တိုင်းအောင်က ငွေကျပ် ၂၅သိန်း၊ ဦးတင့်စိုးလင်း ရွှေပုစွန်မိသားစုကငွေကျပ် ၆၁၈၂၇၀၊ ဦးကျော်ဌေးလွင်– ဒေါက်တာနန့်ရီရီစံ၊ သမီး မနန့်သန်းဌေးဌေး မိသားစုက ငွေကျပ်တစ်သိန်း၊၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူ များအတွက် မိဘများက ပညာရေးငွေပဒေသာပင်သို့ ငွေကျပ် ၃၂၀၉၀၀၀၊ ထူးချွန်ဆုရကျောင်းသားကျောင်းသူများကိုယ်စား ခြောက်ဘာသာ ဂုဏ်ထူးရှင်မောင်ဘိုဘိုမင်းပိုင်က ပညာရေးငွေပဒေသာပင်အတွက်ငွေကျပ် ၄၆၂၀၀၀၊ ဗဟန်းမြို့နယ်အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးချစ်ခင်က ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၁၅၀၀၀ တို့ကိုပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည့် အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

ရန်ကုန် စက်တင်ဘာ ၂၇

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ MICT Park ၌ ကျင်းပသည်။**

**တက်ရောက်**

တွေ့ဆုံမှာကြားသည့်အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပါမောက္ခဒေါက်တာဒေါ်မေမေရီ၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်း၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်းနှင့် ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်း အမျိုးသမီးရေးရာအဖွဲ့ တာဝန်ခံများ၊ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ခြောက်လအတွင်း ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းအခြေ အနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ တက်ရောက် လာကြသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်သည်။ **(သတင်းစဉ်)**

# မန္တလေးအထက(၈) သိပ္ပံဓာတ်ခွဲခန်း လက်တွေ့အကြိုအလုပ်ရုံဆွေးနွေးပွဲ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင် တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၇

**ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဝင်းထိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၂) အခြေခံပညာဦးစီးဌာနက မန္တလေးမြို့အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် သိပ္ပံဓာတ်ခွဲခန်း လက်တွေ့အကြို အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အားပေးပြီး ကျောင်းသားကျောင်းသူများ ကိုယ်တိုင်ပြုလုပ်သော လူသုံးကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။**

**ရှင်းလင်းတင်ပြ**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သိပ္ပံဓာတ်ခွဲခန်း လက်တွေ့အကြို အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပ လျက်ရှိသည့် ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဓာတ်ခွဲခန်းများကို ကြည့်ရှု စစ်ဆေးရာဘာသာရပ်အလိုက်တာဝန်ခံ ဆရာဆရာမများက လက်တွေ့ဆောင် ရွက်မှု လုပ်ငန်းများကို ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ သည် သေဒီါခန်းမ၌ ကျင်းပလျက် ရှိသည့် မန္တလေးတိုင်းကျောင်းသား အားကစားပွဲ၊စစ်တုရင်ပြိုင်ပွဲ ကျင်းပ နေမှု အခြေအနေများကို ကြည့်ရှု အားပေးကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်း မည်။

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း ရင်ထိုးတံဆိပ်များ ပေး အပ်ပွဲနှင့် မူးယစ်ဆေးဝါးဆန့်ကျင် ရေး ပညာပေးလှုံ့ဆော်ပိုစတာ ဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနား ကို စက်တင်ဘာ ၂၆ ရက်က (၆) ရပ်ကွက်ရှိ အမက(၂၄)ခန်းမ၌ ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးမောင်မောင် အမှာစကား ပြောကြားစဉ်။ (၁၈၀)**

# နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန်နှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ အတွက် **'ခေတ်မီဘက်စုံတည်ဆောက်ရေး'**နှင့် **'ရှုချင်စဖွယ် အမျိုးသား ယဉ်ကျေးမှု'**ဟူ၍ ခေါင်းစဉ်နှစ်မျိုးသတ်မှတ်ပေးထားသည်။ ရောင်စုံ ဓာတ်ပုံပြိုင်ပွဲသို့ ဓာတ်ပုံဝါသနာရှင်တိုင်းသည် ခေါင်းစဉ်တစ်မျိုးလျှင် လေးပုံစီအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

**အခွင့်အလမ်းပိုမိုရရှိ**

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀လက်မ x ၁၂လက်မနှင့် အထက် အရွယ် Print ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ယခင်နှစ်များက အလားတူ ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယရရှိခဲ့ကြသူများအား သီးသန့်အုပ်စု သတ်မှတ်၍ ဆုချီးမြှင့်မည်ဖြစ်ရာ ဆုမရသေးသူများအတွက် ဆုရရှိမည့် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိပါက နဂ္ဂတစ်ကို တင်ပြနိုင်ရမည်။ ဓာတ်ပုံနှင့်ဆိုင်ရာ အချက်အလက်များ Data နှင့် ဓာတ်ပုံအကြောင်း အရာ Caption ကို သီးခြားစာရွက်ပေါ်တွင်ရေးသား၍ ပူးတွဲပေးပို့ရမည်။ သရုပ်ဆောင်သူများပါရှိလျှင် ၎င်းတို့၏သဘောတူခွင့်ပြုချက်ပါရှိရမည်ဖြစ် သည်။ ပြိုင်ပွဲဝင်သော ဓာတ်ပုံသည် မည်သည့်စာစောင်တွင်မှ ပုံနှိပ် ဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ပြည်တွင်း ပြည်ပပြိုင်ပွဲများတွင် ဆုရရှိခဲ့ခြင်း မရှိကြောင်း ဝန်ခံဖော်ပြချက်ပါရှိရမည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ပြိုင်ပွဲတစ်မျိုးစီအတွက် ပထမ၊ဒုတိယနှင့် တတိယဆုများအပြင် အထူးဆု များကိုပါ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

**ဆုချီးမြှင့်မည်**

ရောင်စုံဓာတ်ပုံပြိုင်ပွဲများ၌ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူ များအား ၂၀၀၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပမည့် နှစ်(၆၀)ပြည့် တပ်မတော်နေ့၌ ရန်ကုန်မြို့တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ကျန်အထူးဆု ရရှိသူများကို သက်ဆိုင်ရာတိုင်း၊ တပ်မဌာနချုပ်များတွင် ကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော်နေ့အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး(ပြန် ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မတိုင်မီ ပေးပို့ယှဉ်ပြိုင်ကြရန် သက်ဆိုင်ရာမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ် သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ် ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

**ဆေးကုသမှုခံယူ**

**ဘဂ္ဂဒက်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များလေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# အီရတ်နိုင်ငံတစ်ဝန်းခုခံတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာလျက်ရှိ
# ပြည်ပတိုက်ခိုက်ရေးသမားများ နယ်စပ်မှမဝင်ရောက်နိုင်ရန် ကန်တို့ ဆီးရီးယားထံအကူအညီတောင်း

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

**အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် လအနည်းငယ်အလို၌ စိန်ခေါ်မှုအများအပြားကို ဖြစ်ပေါ်လာခဲ့သည်။ အီရတ်ကြားဖြတ်ဝန်ကြီးချုပ်က သမ္မတဘုရှ်နှင့် ယခုသီတင်းပတ်ကုန်၌ တွေ့ဆုံရန် ပြင်ဆင်နေစဉ်မှာပင် အီရတ်နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာလျက်ရှိသည်။**

ရှေ့နှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားခြင်းကြောင့် တိုက်ခိုက်ရေးသမားများက အီရတ်ပြည်သူအများအပြား မဲပေးခြင်းအား ဟန့်တားလာမည်ကို စိုးရိမ်လျက်ရှိကြသည်။ တိုက်ခိုက်ရေးသမားများ ထိန်းချုပ်ထားသည့်နေရာများကို စစ်ရေးဆင်နွှဲပြီး အီရတ်များက အမြဲတမ်း ထိန်းချုပ်ထားနိုင်ရန် အမေရိကန်စစ်ဘက်က ရည်ရွယ်ထားသည်။

အီရတ်လုံခြုံရေးတပ်ဖွဲ့များ အဆိုပါကိစ္စရပ်တွင် လျင်လျင်မြန်မြန် မပါမဖြစ် ပါဝင်လာစေလိုသော်လည်း တိုက်ခိုက်ရေးသမားများရှိနေသည့် နေရာကို အီရတ်လုံခြုံရေးတပ်ဖွဲ့များ ထိန်းချုပ်ထားနိုင်ရန်သည် ခက်ခဲလျက်ရှိနေသည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်သိန်းထဲမှ ထက်ဝက်ခန့်ကို လေ့ကျင့်ကာ လက်နက်တပ်ဆင်ပေးပြီးဖြစ်သော်လည်း အီရတ်တပ်ဖွဲ့များမှာ လုံလောက်သည့် လက်နက်၊ ယာဉ်၊ ဆက်သွယ်ရေးကိရိယာနှင့် ကျည်ကာအင်္ကျီများ ပြည့်ပြည့်စုံစုံ မရရှိသေးဘဲ ရှိသည်။

ထို့ကြောင့် အမေရိကန်အစိုးရတာဝန်ရှိသူများသည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ပြီး အီရတ်နှင့် ဆက်စပ်လျက်ရှိနေသောနယ်စပ်ကို လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားသားတိုက်ခိုက်ရေးသမားများ မရှိနိုင်ရန် ကူညီရန် ဆီးရီးယားအစိုးရထံ အကူအညီတောင်းခံလျက်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**



# အီရတ်ပြောက်ကျားအဖွဲ့ခေါင်းဆောင် အယ်လ်ရှာမီ ကန်တို့ လေကြောင်းမှတိုက်ခိုက်ရာတွင် သေဆုံးခဲ့

အမ္မန် စက်တင်ဘာ ၂၅

**အမေရိကန် ဓားစာခံနှစ်ဦးအား သတ်ဖြတ်သည်ဟုယုံကြည်ရသော အုပ်စု၏ ခေါင်းဆောင်ဖြစ်သူသည် အမေရိကန်တို့ လေကြောင်းမှတိုက်ခိုက်မှုအတွင်း သေဆုံးသွားကြောင်း မိသားစုနှင့် အီရတ်ခေါင်းဆောင်များက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

အဆိုပါ ခေါင်းဆောင်သေဆုံးသွားသည့်အတွက် အီရတ်၏ အတက်ကြွဆုံးတိုက်ခိုက်ရေးအုပ်စုအဖို့ အထိနာခဲ့ကြောင်းသိရသည်။ သို့ရာတွင် သေဆုံးသွားသူ၏နေရာတွင် အခြားတိုက်ခိုက်ရေးပြောက်ကျားအဖွဲ့ ခေါင်းဆောင်များဖြင့် ဆက်လက်ရှင်သန်လှုပ်ရှားနိုင်သည်ဟု ဆိုသည်။

အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားအဖွဲ့ ခေါင်းဆောင်အယ်လ်ရှာမီသည် ဘဂ္ဂဒက်အနောက်ပိုင်းဆင်ခြေဖုံးတွင် ကားဖြင့်ခရီးသွားစဉ် ဒုံးကျည်ထိမှန်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

# အီတလီသံရုံးအား စိန်ပြောင်းကျည်များဖြင့် ပစ်ခတ်
# ဘဂ္ဂဒက်ရှိ ကြေးနန်းကုမ္ပဏီဝန်ထမ်းနှစ်ဦး ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

**ဘဂ္ဂဒက်တွင် အီတလီသံရုံးအားချိန်ရွယ်ပြီး အီရတ်ပြောက်ကျားများက စိန်ပြောင်းကျည်ငါးလုံးဖြင့် သောကြာနေ့ကပစ်ခတ်ခဲ့ရာ အီရတ်အမျိုးသမီးနှစ်ဦးဒဏ်ရာရရှိပြီး အိမ်အချို့ပျက်စီးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။**

ပစ်ခတ်မှုမှာ နံနက်ဂနာရီ မိနစ်၂၀ခန့်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သံရုံးဝန်းကျင်ရှိ အိမ်လေးလုံးခန့် ထိမှန်ပျက်စီးကာ အမျိုးသမီးနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အလားတူ လွန်ခဲ့သောဇူလိုင် ၃ ရက်ကလည်း သံရုံးကိုချိန်တွယ်ပြီး စိန်ပြောင်းဖြင့်ပစ်ခတ်ခဲ့ရာ အီရတ်ခြောက်ဦး ဒဏ်ရာရခဲ့သည်။

**တိုက်ခိုက်ခဲ့**

အီတလီအမျိုးသမီးဓားစာခံနှစ်ဦးအား သတ်ဖြတ်လိုက်သည်ဆိုသောသတင်းကို လွန်ခဲ့သည့်ရက်အနည်းငယ်၌ အင်တာနက်မှ ဖော်ပြခဲ့ပြီးနောက် ထိုအမျိုးသမီးနှစ်ဦး၏ ကံကြမ္မာနှင့်ပတ်သက်၍ အတိအကျမသိရသေးဘဲရှိစဉ် ယင်းသို့ တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ထိုအတောအတွင်း ဘဂ္ဂဒက်ရှိ ကြေးနန်းကုမ္ပဏီတစ်ခုမှ အီဂျစ်လူမျိုး ဝန်ထမ်းနှစ်ဦးအား လက်နက်ကိုင်လူတစ်စုက ကြာသပတေးနေ့ ညဘက်တွင် ၎င်းတို့၏အလုပ်ခွင်မှ ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းခံရကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက သောကြာနေ့၌ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာမှု
# အီရတ်ရောက် ဖိလစ်ပိုင်အလုပ်သမားများအတွက် စိုးရိမ်

မနီလာ စက်တင်ဘာ ၂၆

**အီရတ်ပြောက်ကျားများသည် အမေရိကန်ဦးဆောင်သော ပူးပေါင်းတပ်ဖွဲ့နှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များအား အရှိန်အဟုန်မြှင့်တိုက်ခိုက်လာလျက်ရှိသည်။ ယင်းသို့တိုက်ခိုက်လာသောကြောင့် အီရတ်နိုင်ငံ လုံခြုံရေးအခြေအနေသည် ပိုမိုဆိုးရွားလာနေရာ ဖိလစ်ပိုင်အလုပ်သမားများအတွက် စိုးရိမ်ပူပန်မိကြောင်း အစိုးရအရာရှိကြီးတစ်ဦးက ကြာသပတေးနေ့တွင် ထုတ်ဖော်ပြောကြားသည်။**

ပြီးခဲ့သောအပတ်က အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲမှုများ တိုးမြှင့်လုပ်ဆောင်လာသောကြောင့် အီရတ်တွင်ရှိသော ဖိလစ်ပိုင်အလုပ်သမား ၄၀၀၀ခန့်အတွက် ဖိလစ်ပိုင်အစိုးရသည် အရေးပေါ်အစီအစဉ်များ ပြုလုပ်ခဲ့ရသည်ဟု အရှေ့အလယ်ပိုင်း အထူးသံတမန်ရှိုင်းစီမာတူက သတင်းထောက်များအား ပြောကြားသည်။

**အခြေအနေ**

ပိုမိုဆိုးရွားလာနေသော အခြေအနေများကြောင့် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် အားတက်ဖွယ်မရှိကြောင်း၊ မကြာခဏပြန်ပေးဆွဲခံနေရပြီး ဘဂ္ဂဒက်ဝန်းကျင်တွင်လည်း ပြန်ပေးဆွဲမှုများ၊ ကားဗုံးခွဲတိုက်ခိုက်မှုများ၊ ပေါက်ကွဲမှုများကြောင့် စိုးရိမ်ပူပန်မှု ဖြစ်ရကြောင်း စီမာတူက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ဘဂ္ဂဒက်မြို့မြောက်ဘက် အယ်ဖာဟာမာမြို့အနီး ရေနံပိုက်လိုင်းမီးလောင်ပျက်စီးခဲ့သဖြင့် ပြင်ဆင်နေသည့် အီရတ်အလုပ်သမားများအား စက်တင်ဘာ ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# မာရှယ်ကျွန်းစုများ၌ ကန်နျူကလီးယားစမ်းသပ်ခဲ့သည့်အကျိုးဆက်
# ကျွန်းသူကျွန်းသားများ ယခုတိုင် ကျန်းမာရေးချို့တဲ့နေကြရ

ကုလသမဂ္ဂ စက်တင်ဘာ ၂၅

**မာရှယ်ကျွန်းစုများတွင် အမေရိကန်တို့ နျူကလီးယားစမ်းသပ်ခဲ့ပြီးနောက် နှစ် ၅၀ကြာသည့်တိုင် ကျွန်းသူကျွန်းသားများသည် အဆိုပါနျူကလီးယားစမ်းသပ်မှုကြောင့်ဖြစ်ပေါ်လာသော နာတာရှည်ကျန်းမာရေးချို့တဲ့သည့် ပြဿနာများနှင့် ရင်ဆိုင်ခံစားနေကြရဆဲဖြစ်ကြောင်း သမ္မတကကက်ဆေးနုတ်က ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

နျူကလီးယားစမ်းသပ်သည့် အစီအစဉ်၏ အကျိုးသက်ရောက်ခြင်းကို ခံစားရသူများအား အမေရိကန်ပြည်ထောင်စုက လျော်ကြေးငွေ အလုံအလောက်ပေးရန်၊ အခြေအနေမဲ့ဖြစ်ရသူများအား ပြန်လည်နေရာချထားပေးရန်အတွက် အပြည့်အဝတာဝန်ယူရန် မိမိတို့တိုက်တွန်းကြောင်း နုတ်က ကုလသမဂ္ဂ အထွေထွေညီလာခံ၌ ပြောကြားသည်။

**သိမ်းယူခဲ့**

ကျွန်းပေါင်း ၃၁ ကျွန်းဖြင့် ဖွဲ့စည်းထားသော မာရှယ်ကျွန်းစုကို အမေရိကန်နှင့်အပေါင်းပါတပ်များက ၁၉၄၄ခုနှစ်၌သိမ်းယူခဲ့ပြီး ၁၉၄၇ခုနှစ်၌ ကုလသမဂ္ဂ၏ ပစိဖိတ်ဒေသ ယုံကြည်မှုနယ်ပယ်တွင် ထည့်သွင်းကာ ထိုနှစ်မှာပင် အမေရိကန်အစိုးရ၏ အုပ်ချုပ်မှုအောက်၌ ထားခဲ့သည်။ ၁၉၈၆ ခုနှစ်ရောက်မှသာ လွတ်လပ်သော သမ္မတနိုင်ငံဖြစ်လာခဲ့သည်။

၁၉၄၆ခုနှစ်နှင့် ၁၉၅၈ခုနှစ်ကြားတွင် အမေရိကန်ပြည်ထောင်စုသည် ဘီကီနီနှင့် အင်ဝီတက်ကျွန်းများပေါ်၌ အဏုမြူနှင့် ဟိုက်ဒရိုဂျင်ဗုံး ၂၃လုံးကို ဖောက်ခွဲစမ်းသပ်ခဲ့သည်။

**ပျံ့နှံ့**

ထိုစမ်းသပ်မှုများအနက် ၁၉၅၄ခုနှစ်၌ စမ်းသပ်ခဲ့သော နျူကလီးယားဗုံးမှာ ဟီရိုရှီးမားကို ကြဲချခဲ့သည့်ဗုံးထက် အင်အားအဆ ၁၀၀၀ ပိုပြင်းထန်ခဲ့ပြီး ရေဒီယိုသတ္တိကြွမှုများသည် အနီးအပါးရှိ ကျွန်းများသို့ ပျံ့နှံ့ခဲ့သည်။

ယနေ့အခါတွင် လူအများအပြားသည် ထိုစမ်းသပ်မှု၏ အကျိုးဆက်ဖြစ်သော နာတာရှည်ကျန်းမာရေးချို့တဲ့မှုကို ခံစားနေရပြီး အခြားလူများမှာ အိုးမဲ့အိမ်မဲ့ဖြစ်နေရကြောင်း သမ္မတနုတ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# ကုလကိုဘေးချိတ်ပြီး အီရတ်ကို အမေရိကန် တိုက်ခိုက်ခဲ့မှု ကုလသမဂ္ဂအား အကျပ်အတည်းဆုံးဖြစ်အောင် လုပ်ဆောင်ခဲ့ခြင်းဖြစ်

ကုလသမဂ္ဂ စက်တင်ဘာ ၂၆

**အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံကို တိုက်ခိုက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းကိုဘေးချိတ်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ တစ်စိတ်တစ်ပိုင်းအားဖြင့် သက်တမ်း၅၉နှစ်တာကာလအတွင်း ကုလသမဂ္ဂအဖွဲ့ကြီးကို အဆိုးရွား အကျပ်တည်း ဆုံးကာလနှင့် ကြုံတွေ့စေခဲ့သည်ဟု သောကြာနေ့၌ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖိလစ်ပီရက်ဇ်ရော့ဂ်က ၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။**

### ရပ်သိမ်းသင့်

အီရတ်စစ်ပွဲတွင် အီရတ်လူမျိုး ၁၂၀၀၀ကျော် အသက်သေဆုံးခဲ့ရပြီး အမေရိကန်လူငယ်လူရွယ် ၁၀၀၀ ကျော်လည်း လိုက်၍ သူတို့၏ လူလိမ်လူညာများ အကျိုးအတွက် အီရတ်၌ အသက်စွန့်ခဲ့ကြရကြောင်း၊ ဖြစ်သင့်သော အကျိုးသင့် အကြောင်းသင့် အချက်တစ်ခုမှာ အီရတ်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးသင့်သည်ဆိုသော အချက်ပင်ဖြစ်ကြောင်း ပီရက်ဇ်က ပြောကြားသည်။

### တိုက်တွန်း

အီရတ်ကြားဖြတ်ဝန်ကြီးချုပ် အီယက်ဒ်အလာဝီက ကုလသမဂ္ဂ၌ မိန့်ခွန်းပြောကြားပြီးနောက် မကြာမီ၌ ကျူးဘားနိုင်ငံခြားရေးဝန်ကြီးက မိန့်ခွန်းပြောကြားခဲ့သည်။ အလာဝီ ပြောကြားသော သူ၏မိန့်ခွန်း၌ နိုင်ငံသားများအား သဘောကွဲလွဲမှုများကို ထားရစ်ကာ အီရတ်နိုင်ငံ၏ အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ရာတွင်လည်းကောင်း၊ လုံခြုံရေး တိုးတက်စေရန်လည်းကောင်း အကူအညီပေးကြရန် တိုက်တွန်းပြောဆိုခဲ့သည်။

### တည်ဆောက်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဗီတိုအာဏာကဲ့သို့ အထူးအခွင့်အရေးကို အင်အားကြီးနိုင်ငံများက စွန့်လွှတ်ခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ကုလသမဂ္ဂ၏ အတွင်းနှင့်အပြင်တွင် ဘုံမျက်နှာစာတစ်ခု တည်ဆောက်ကြရန် ပီရက်ဇ်က တိုက်တွန်းလိုက်သည်။

**အမ်အင်အေ၊ရိုက်တာ**

# ဥပဒေမဲ့ဝါဒ အီရတ်တွင် ကန်အသုံးပြုကုလ၌ အီရန်နိုင်ငံက အမေရိကန်အားစွပ်စွဲ

ကုလသမဂ္ဂ စက်တင်ဘာ ၂၅

**အီရတ်နိုင်ငံတွင် အမေရိကန်ပြည် ထောင်စုသည် ဥပဒေမဲ့ဝါဒကို ကျင့်သုံးကြောင်း၊ အရှေ့အလယ်ပိုင်းတွင် အစ္စရေးနိုင်ငံသည် ငြိမ်းချမ်းရေးကို အခြိမ်းခြောက်ဆုံးနိုင်ငံဖြစ်ကြောင်း အီရန်နိုင်ငံက သောကြာနေ့၌ စွပ်စွဲပြောကြားလိုက်သည်။**

### ပြောကြား

အီရတ်ကို တိုက်ခိုက်မှုသည် ဥပဒေနှင့် ဆန့်ကျင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာခါရာဇီက ကုလသမဂ္ဂ အထွေထွေ ညီလာခံ၌ ပြောကြားသည်။

### သာဓက

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းသည် ဥပဒေမဲ့ စစ်ရေးဝါဒ တိုးလာသည့် သာဓကပင် ဖြစ်ကြောင်း ပြောကြားသည်။

### ပါဝင်

ထို့ပြင် ယင်းဥပဒေမဲ့ စစ်ရေးဝါဒတွင် နိုင်ငံရေး ရည်မှန်းချက်များ အောင်မြင်ရန် ရက်စက်ကြမ်းကြုတ်သော၊ ဥပဒေကို လေးစားခြင်း မရှိသော စစ်အင်အားကို အသုံးပြုခြင်း ပါဝင်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမာခါရာဇီက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အန်ဘာပြည်နယ်၌ တိုက်ခိုက်မှုကြီး သုံးကြိမ်ဖြစ်ပွား ကန်မရိန်းတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၂၅

**ဘဂ္ဂဒက်အနောက်ဘက်တွင် တိုက်ခိုက်မှုသုံးကြိမ် သောကြာနေ့ကဖြစ်ပွားခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့၌ ပြောကြားသည်။**

တိုက်ပွဲများမှာ ဖော်လူဂျာနှင့် ရာမာဒီတို့ပါဝင်သည့် အန်ဘာပြည်နယ်၌ အခြေစိုက်ထားသော အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

### သေဆုံး

အီရတ်၌ စစ်ပွဲစတင်ခဲ့သည်မှစပြီး အမေရိကန်တပ်ဖွဲ့ဝင် ၇၉၂ဦး ထက်မနည်းသည် တိုက်ပွဲ၌ သေဆုံးခဲ့သည်။ တိုက်ပွဲ၌ သေဆုံးခြင်းမရှိသူများ အပါအဝင် စုစုပေါင်းသေဆုံးသူ ၁၀၄၂ဦး ဖြစ်သည်။

### ခြေကုပ်စခန်း

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင်ပါရှိသော ဖော်လူဂျာနှင့် ရာမာဒီမြို့များသည် အမေရိကန်နှင့် အပေါင်းပါများအား ခုခံတိုက်ခိုက်ရာတွင် အပြင်းထန်ဆုံး မြို့များဖြစ်ကြပြီး အီရတ်ခုခံတိုက်ခိုက်ရေးသမားတို့၏ အခိုင်အမာ ခြေကုပ်စခန်းများ ဖြစ်ကြသည်။

အီရတ်ခေါင်းဆောင် အယ်လ်ဇာကာဝီ၏ နောက်လိုက်များ ခိုအောင်းလျက်ရှိသည်ဟု အမေရိကန်တို့က သင်္ကာမကင်းဖြစ်ကာ ဖော်လူဂျာမြို့အား လေကြောင်းမှ အခါခါတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့အီရတ်အမျိုးသမီး၊ အမျိုးသားများနှင့် ကလေးငယ်များ သေဆုံးခဲ့ကြရသည်။

**(အင်တာနက်)**

# အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်မှု ကန်ရေတပ်တပ်ဖွဲ့ဝင်သုံးဦး ထပ်မံတရားစွဲခံရမည်

ဝါရှင်တန် စက်တင်ဘာ ၂၅

**အီရတ်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်မှုဖြင့် အမေရိကန်ရေတပ်ဆီးလ်တပ်ဖွဲ့၏ တပ်ဖွဲ့ဝင်နောက်ထပ်သုံးဦး ထပ်မံတရားစွဲဆိုခံရကြောင်း စစ်ပွဲဆိုင်ရာ ရေတပ်အထူးဌာနချုပ်က သောကြာနေ့၌ ပြောကြားသည်။**

ကာလီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုတွင် အခြေစိုက်သော အဆိုပါဌာနချုပ်သည် အခြား ဆီးလ်တပ်ဖွဲ့ဝင်လေးဦး စစ်ရာဇဝတ်မှုစွဲချက်များဖြင့် တရားစွဲခံရမည်ဖြစ်ကြောင်း ယခုလ အစောပိုင်း၌လည်း သတင်းထုတ်ပြန်ခဲ့သည်။

### ပထမဆုံး

အီရတ်တွင်ဖြစ်ပွားသော အကျဉ်းသား ညှဉ်းပန်းနှိပ်စက်သည့် ဟိုးလေးတကျော်ဖြစ်မှု၌ ရေတပ်မှတပ်ဖွဲ့ဝင်များ ယခုပါဝင်ခြင်းမှာ ပထမဆုံးအမှုဖြစ်သည်။

### ကျူးလွန်

တရားစွဲဆိုခံရသော ရေတပ်တပ်ဖွဲ့ဝင်ခုနစ်ဦးကို အမေရိကန်ရေတပ်က အမည်ဖော်ထုတ်ခြင်း မရှိသော်လည်း သောကြာနေ့က ကြေညာခဲ့သည့် တပ်ဖွဲ့ဝင်သုံးဦးအား စွဲဆိုချက်များ၌ သေစေလိုသည့်ဆန္ဒဖြင့် ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ ခန္ဓာကိုယ်အား ဆိုးရွားစွာထိခိုက်နာကျင်စေခြင်း၊ အန္တရာယ်ရှိသောလက်နက်ဖြင့် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားနှိပ်စက်မှုကို သတင်းမပို့ခြင်းတို့ ပါဝင်ကြောင်း သိရသည်။ **အမ်အင်အေ၊ ရိုက်တာ**



**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသော ကလေးငယ်တစ်ဦးအား ပွေ့ချီလာသော အီရတ်တစ်ဦးကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



**ဆန္ဒပြ**

**ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ဆန္ဒပြနေသူများကို စက်တင်ဘာ၂၄ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်တွင် အီဂျစ်လူမျိုးရှစ်ဦး ဓားစာခံအဖြစ် ဖမ်းဆီးခံနေရ အာရပ်စကားပြောတတ်ရုံဖြင့် အန္တရာယ်ကင်းသည်ဟု ယူဆ၍မရ

**ဘဂ္ဂဒက် စက်တင်ဘာ ၂၅**

အီရတ်နိုင်ငံတွင် အီဂျစ်လူမျိုးရှစ်ဦး ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းခံနေရပြီး အီတလီနှစ်ဦး၊ ဗြိတိန်တစ်ဦးနှင့် ပြင်သစ်သတင်းထောက်နှစ်ဦးတို့၏ ကံကြမ္မာကို မသိရှိရသေးဘဲဖြစ်နေသည်။ အီရတ်နိုင်ငံ၌ အလုပ်လုပ်နေရသော သတင်းထောက်များအတွက် အလွန်စိတ်ဖိစီးတင်းမာသည့် အခြေအနေကို ရင်ဆိုင်နေရသည်။ အီရတ်နိုင်ငံတွင် အေအက်ဖ်ပီ ပြင်သစ်ရုပ်မြင်သံကြားသတင်းအဖွဲ့တစ်ဖွဲ့သာ ရှိတော့သည်။

### အလွန်ခက်ခဲ

သတင်းထောက်တစ်ဦးသည် အာရပ်စကားပြောတတ်ယုံဖြင့် ဘေးအန္တရာယ်ကင်းရှင်းသည်ဟု ယူဆလို့မရဘဲ၊ အန္တရာယ်သည် နေရာတိုင်း၌ အမြဲတမ်းရှိနေသည်။ အီရတ်နိုင်ငံတွင် အေအက်ဖ်ပီသတင်းအဖွဲ့တွင် အဖွဲ့ဝင်ဆယ်ဦးရှိပြီး ၎င်းတို့နေထိုင်ရာဟိုတယ်မှ အပြင်ဘက်သို့ထွက်ခွာမှု အလွန်နည်းပါးပြီး သတင်းအချက်အလက်များကို အီရတ်ဝန်ထမ်းများထံမှရယူသည်။ ဘဂ္ဂဒက်မြို့တွင် သတင်းဗီဒီယိုရိုက်ကူးရယူရန် အလွန်ခက်ခဲပြီး အီတလီတပ်ဖွဲ့ဝင် သုံးထောင်ရှိသော်လည်း အီတလီသတင်းထောက်များသည် လမ်းပေါ်သို့ သွားရောက်ခြင်းမရှိဟုဆိုသည်။

အလားတူ စီအင်န်အင်န်သတင်းဌာနမှ ဝန်ထမ်းငါးဆယ်တွင် ငါးဦးကသာ အမေရိကန်များဖြစ်ကြပြီး စစ်ဘက်ဆိုင်ရာ သတင်းများကလွဲပြီး အခြားသတင်းများကို အီရတ်ဝန်ထမ်းများကသာ သတင်းများကို ရိုက်ကူးရယူလျက်ရှိသည်။ ဘဂ္ဂဒက်မြို့တွင် အနောက်တိုင်းသား သတင်းထောက် အနည်းငယ်သာ ရှိတော့သော်လည်း ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားမှုများ ပိုမိုဆိုးရွားလာသည်။ အီရတ်နိုင်ငံတွင် ဘေးအန္တရာယ်ကင်းရှင်း၍ လုံခြုံမှုမရှိကြောင်း လူတိုင်းလိုလို ခံစားနေကြရသည်။ **(စီအက်ဖ်အိုင်)**

■ ကျောဖုံးမှ

စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးလှငွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မုံရွာလေဆိပ်မှ ကြိုဆိုကြသည်။

## အရာတော်(၂)ရောက်ရှိ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရဟတ်ယာဉ်ဖြင့် မုံရွာမြို့မှ ဆက်လက်ထွက်ခွာကြရာ နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်း အရာတော်မြို့နယ် မကျီးစောက်ကျေးရွာအနီး မူးမြစ်အနောက်ဘက်ကမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေတင်အဆင့်ခုနစ်ဆင့်ရှိသည့်အနက် ပထမဆင့်နှင့် ဒုတိယဆင့်ပြီးစီးမှု၊ စီမံကိန်းပြီးစီးပါက အကျိုးသက်ရောက်မည့် စိုက်ပျိုးမြေဧရိယာ၊ အရာတော်ဒေသတွင် ဆောင်ရွက်မည့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများ၊ စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် စီမံကိန်းတည်နေရာများနှင့် အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွက် ဖြည့်ဆည်းပေးရန် လိုအပ်ချက်တို့နှင့်စပ်လျဉ်း၍ ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွေးနှင့် တာဝန်ရှိသူတို့က အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်းပြီးစီးရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးနေသည့် ကဏ္ဍများကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း မဆောင်ရွက်မီနှင့် စီမံကိန်းဆောင်ရွက်ပြီးပါက စီမံကိန်းဧရိယာအတွင်း တိုးချဲ့စိုက်ပျိုးလာနိုင်မည့် သီးနှံအမယ်စုံစိုက်ဧကအခြေအနေတို့ကို တာဝန်ရှိသူတို့အား မေးမြန်းပြီး စီမံကိန်း အမြန်ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

## ရေပို့လွှတ်မှုကြည့်ရှု

ထို့နောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က စီမံကိန်းတစ်ခုလုံး အချိန်မီပြီးစီးရေး၊ ရေတင်အဆင့် ခုနစ်ဆင့်အနက် အဆင့်တစ်ခုပြီးတိုင်း ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေးဆိုင်ရာ အကျိုးရလဒ်တစ်ခု ပိုမိုရရှိနိုင်လာအောင် ရည်မှန်းဆောင်ရွက်ရေး မှာကြားပြီး မူးမြစ်ကမ်းဘေး ရှုရပ်ဆောင်မှနေ၍ အရာတော်(၂) လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဆောင်ရွက်နေမှုနှင့် ပင်မမြောင်း ရှုရပ်ဆောင်မှနေ၍ ရေတင်ပထမအဆင့်မှ ရေပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဒေသခံ တောင်သူလယ်သမားများ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## စိုက်ပျိုးရေရရှိရေး

အရာတော်(၂) လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို အရာတော်ဒေသရှိ စိုက်ပျိုးမြေဧရိယာဧက ၂၀၀၀၀ကို ရေတင်အဆင့်ခုနစ်ဆင့်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေဖူလုံစွာရရှိနိုင်ရေးအတွက် ရည်ရွယ်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မုံရွာတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ စစ်သည်များနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

အရာတော်(၂) လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် နွေစပါး၂၁၂၈ဧကရေပေးဝေစိုက်ပျိုးခဲ့ပြီး ယခုနှစ် မိုးစပါးဧက ၁၅၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ယခုအထိ ၇၆၆ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

အရာတော်(၂) လျှပ်စစ်မြစ်ရေတင် စီမံကိန်းတစ်ခုလုံးကို ၂၀၀၆ခုနှစ်မတ်လအတွင်းပြီးစီးရန် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်းမြောင်မြို့နယ် ပရိမ္မကျေးရွာအနီး ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် တွင်းကြီး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းတွင်ပါဝင်သည့် မြို့ပြလုပ်ငန်းဆိုင်ရာ တည်ဆောက်ခြင်း၊ လျှပ်စစ်ပိုင်း သွယ်တန်းခြင်းနှင့် မော်တာပန့်နှင့် ပိုက်များတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ စစ်ကိုင်းတိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်မြစ်ရေတင်စီမံကိန်းများနှင့် အကျိုးသက်ရောက်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာများ ဖြည့်စွက်မှာကြားသည်။

## စီမံကိန်းများပြီးစီးရေး

ထို့နောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က စီမံကိန်းဧရိယာအတွင်း တစ်နှစ်ပတ်လုံးရေရ ရှိပြီး သီးနှံအမယ်စုံ တိုးချဲ့စိုက်ပျိုးနိုင်အောင် ကျန်ရှိသော လုပ်ငန်းပိုင်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရေးနှင့် စီမံကိန်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးပါက ဒေသခံပြည်သူများအနေဖြင့် မြစ်ရေတင်စီမံကိန်း၏ အကျိုးကျေးဇူးကို ဆောလျင်စွာခံစားကြရမည်ဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ အမြန်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှိ လျှပ်စစ်ဓာတ်အားထိန်းချုပ်ခန်းနှင့် ချင်းတွင်းမြစ်မှ ရေကို ပင်မမြောင်းမှတစ်ဆင့် ရေပို့လွှတ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

## ရည်ရွယ်ဆောင်ရွက်

တွင်းကြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်းကို မြောင်မြို့နယ် တွင်းကြီးဒေသရှိ စိုက်ပျိုးမြေဧရိယာဧက ၁၀၀၀၀ ကို တစ်နှစ်ပတ်လုံး ရေရရှိပြီး ယာမြေများမှ လယ်မြေများအဖြစ်ပြောင်းလဲကာ သီးနှံအမယ်စုံ စိုက်ပျိုးနိုင်ရန်နှင့် သီးထပ် သီးညှပ် စိုက်ပျိုးရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်သည်။

တွင်းကြီး လျှပ်စစ်မြစ်ရေတင် စီမံကိန်းတွင် မြို့ပြဆိုင်ရာလုပ်ငန်းများနှင့် ရေစုပ်စက်ပိုင်းဆိုင်ရာ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပြီး လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်း၌ ရေဝတီ မြစ်ကူးတာဝါတိုင် တည်ဆောက်ခြင်း၊ မြစ်ကူးဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်း အချို့သာကျန်ရှိသဖြင့် ယင်းလုပ်ငန်းများ အမြန်ပြီးစီးရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

## ဆက်ကပ်လှူဒါန်း

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့နယ် ခတက္ကန်တောင်ရွာရှိ မဟာဗောဓိတစ်ထောင် ကျောင်းတိုက်သို့ရောက်ရှိကြပြီး ဗောဓိတစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နာရဒအား ဖူးမြော် ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ပတ်ဝန်းကျင်၌ သဘာဝသစ်ပင် သစ်တောများဖြင့် စိမ်းလန်းစိုပြည်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ မုံရွာမြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မုံရွာမြို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ မုံရွာတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံကာ တပ်မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တပ်မိသားစုများက မိမိတို့၏ ကျရာအခန်းကဏ္ဍတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း အကျယ်တဝင့်မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည်အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ စစ်မြေပြင်ဆေးတပ်ရင်းသို့ ရောက်ရှိကြရာ ယာယီတပ်ရင်းမှူး ဗိုလ်မှူးသိန်းဇော်၊ ပါရဂူ၊ ဆေးမှူး၊ သူနာပြုဆရာမကြီး၊ သူနာပြုစစ်သည်နှင့် သူနာပြုများက ကြိုဆိုကြသည်။

## အားပေးစကားပြောကြား

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဆေးတပ်ရင်းရှိ အမျိုးသား၊ အမျိုးသမီး ဆေးကုသဆောင်များ၊ ခွဲစိတ်ခန်းတို့သို့ လှည့်လည်၍ ဆေးကုသခံ စစ်သည်လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဆေးရုံအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးပြီး လှူဒါန်းငွေကို ယာယီတပ်ရင်းမှူး ဗိုလ်မှူးသိန်းဇော်သို့ ပေးအပ်သည်။

## ကြည့်ရှုအားပေး

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းရှိ ထွန်းမြရတနာခန်းမ၌ မုံရွာတပ်နယ်မှ တပ်တွင်း မိသားစုများ၏ စက်ချုပ်လုပ်ငန်း ချုပ်လုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များကို မှာကြားသည်။

## စစ်မှုထမ်းဟောင်းများအားတွေ့ဆုံ

ယင်းမှဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ည ၉ နာရီခွဲတွင် မုံရွာမြို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဝင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁

စက်မောင်းဆီ ချွေတာဖို့
သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

*စာမျက်နှာ ၆ မှ*

### တာဝန်ကြီးငါးရပ်

ရှေးဦးစွာ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်က တိုင်းအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်ကြီးငါးရပ်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းကဏ္ဍကြီးငါးရပ်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်အောင် ကျရာအခန်းကဏ္ဍက ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပါဝင်ဆောင်ရွက်သွားကြရေး မှာကြားသည်။

### ထောက်ပံ့ငွေပေးအပ်

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့က စစ်ကိုင်းတိုင်းအတွင်းရှိ အသက် (၇၅) နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၂၇ ဦးတို့အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေများကို တစ်ဦးချင်း ပေးအပ်ကြသည်။

ယင်းနောက် အသက်(၇၅)နှစ်နှင့်အထက် ထောက်ပံ့ငွေရရှိကြသည့် စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုယ်စား ဒုတိယအရာခံဗိုလ်တင်အေး(အငြိမ်းစား)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ် မြဝတီရိပ်သာသို့ ရောက်ရှိရပ်နားသည်။

**(သတင်းစဉ်)**




**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မုံရွာမြို့ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဖေယျာသီရိခန်းမ၌ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်း၊ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။**
**(သတင်းစဉ်)**

# နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးမှုတ်ဖျော်ဖြေမှုအစီအစဉ်များ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၄ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော် သံစုံတီးဝိုင်း ကော်မတီဝင်များနှင့် ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။**

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံသံရုံးများမှ ယဉ်ကျေးမှုဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Consultant Mr. Peter Coates၊ နိုင်ငံတော် သံစုံတီးဝိုင်းမှ Conductor & Music Director Mr. Mitch Markowitz နှင့် Associate Conductor Mr. Samran Petpengတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုင်ငံတော်သံစုံတီးဝိုင်းမှ Conductor & Music Director နှင့် Associate Conductor တို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုအေခန်းမ၌ နိုင်ငံတော်သံစုံတီးဝိုင်း၏ လေ့ကျင့်ပြီးစီးမှုများအပေါ် သရုပ်ပြ တီးမှုတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သံစုံတီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်း၊ မြနန္ဒာတေးသီချင်း၊ Yaard Pech(Diamond Drop)၊ Don Giovanniနှင့် Symphony No.2(Movement 1st)တေးသီချင်းများဖြင့် သရုပ်ပြတီးမှုတ် ဖျော်ဖြေကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုင်ငံတော်သံစုံတီးဝိုင်းအား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး နိုင်ငံတော်သံစုံတီးဝိုင်းမှ Conductor & Music Director နှင့် သံစုံတီးဝိုင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ ညနေ ၅ နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုအေခန်းမ၌ နိုင်ငံတော်သံစုံတီးဝိုင်း တီးမှုတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)**




# တိုင်းရင်းသားအစီအစဉ်များ ပြောင်းလဲထုတ်လွှင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

မြန်မာ့အသံမှ သုံးလတစ်ကြိမ် အက္ခရာစဉ်အလိုက်အလှည့်ကျ ပြောင်းလဲ ထုတ်လွှင့်လျက်ရှိသော တိုင်းရင်းသားအစီအစဉ်များကို ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ လှိုင်းတို ၆၃ ဒသမ ၄၉ မီတာမှနေ၍ အသံလွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မည်ဖြစ်ရာ ကယား ဘာသာအစီအစဉ်ကို မွန်းလွဲ ၂ နာရီမှ ၂ နာရီ ၄၅ မိနစ်၊ စကောကရင်ဘာသာ အစီအစဉ်ကို မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ ညနေ ၃ နာရီခွဲ၊ ပိုးကရင်ဘာသာအစီအစဉ်ကို ညနေ ၃ နာရီခွဲမှ ၄ နာရီ ၁၅ မိနစ်၊ ချင်းဘာသာအစီအစဉ်ကို ညနေ ၄ နာရီ ၁၅ မိနစ်မှ ၅ နာရီအထိ၊ မွန်ဘာသာ အစီအစဉ်ကို ညနေ ၅ နာရီမှ ၅ နာရီ ၄၅ မိနစ်၊ ရခိုင်ဘာသာအစီအစဉ်ကို ညနေ ၅ နာရီ ၄၅ မိနစ်မှ ညနေ ၆ နာရီခွဲ၊ ရှမ်းဘာသာအစီအစဉ်ကို ညနေ ၆ နာရီခွဲမှည ၇ နာရီ ၁၅ မိနစ်၊ ကချင်ဘာသာ အစီအစဉ်ကို ည ၇ နာရီ ၁၅ မိနစ်မှ ၈ နာရီ အသီးသီး ပြောင်းလဲထုတ်လွှင့်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဘေးအန္တရာယ်ဖြစ်နိုင်သောအဆင့်များစိစစ်ရှာဖွေခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

အာဆီယံ–ဩစတြေးလျ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဖြင့် အာဆီယံနိုင်ငံများ ရေနှင့် ရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံကိန်းအရ ဘေးအန္တရာယ်ဖြစ်နိုင်သော အဆင့် များကို စိစစ်ရှာဖွေခြင်းနှင့် ထိန်းချုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် ကုန်းဘောင်ခန်းမဆောင်၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ဒုတိယဝန်ကြီးဦးအောင်သိန်းနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံ–ဩစတြေးလျ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်မှ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

### နှုတ်ခွန်းဆက်စကားပြော

အခမ်းအနားတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အဖွင့်အမှာစကားပြောကြားပြီး အာဆီယံ–ဩစတြေးလျဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်၏ General Manager Mr. Jim Travers က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံရေထွက်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံကိန်း၏ Chief Technical Advisor Mr. David Milne က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း အကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲတွင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)**

*✻ ကျောဖုံးမှ*

ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၊ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များအား စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ မြန်မာ့ကျောင်းသီချင်းကို သီဆိုကာ ကြိုဆိုကြသည်။

ထို့နောက် ဖွင့်ပွဲအစီအစဉ်များကိုကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မနှင်းစုလှိုင်နှင့် မခိုင်ချိုယုတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးကိုကိုထွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

### ကြည့်ရှုအားပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Computer Application Room နှင့် Language Lab Room တို့သို့ ဝင်ရောက်၍ ခေတ်မီသင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုစွမ်းရည်များကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ Computer Aided Instruction Room၊ Video System (Electronic Media) Room၊ Printed Media (Reading Corner) နှင့် Electronic Media (Audio System) Room တို့၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများအသုံးပြု၍ ဆရာဆရာမများက ကြိုးကြပ်သင်ကြားပေးနေမှုများနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရသခန်း(ပန်းချီ)သို့ဝင်ရောက်ပြီး ကျောင်းသားကျောင်းသူများ၏ ပန်းချီလက်ရာများနှင့် ပြည်တွင်း၊ပြည်ပ ပန်းချီပြိုင်ပွဲများမှ ရရှိခဲ့သည့် ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များကို ကြည့်ရှုအားပေးကြသည်။

### ပုံတူပန်းချီကားပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကျောင်းသူတစ်ဦးက စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ပုံတူပန်းချီကားကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အိမ်တွင်းမှုသိပ္ပံ ခန်းကိုလည်းကောင်း၊ ကျောင်းသားများ၏ မွေ့စကြာဝတ်အဖွဲ့ကိုလည်းကောင်း ကြည့်ရှု နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ကျောင်း၏ တော်ဝင်ခန်းမ၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနား အစီအစဉ်ကို ကျင်းပရာ ကျောင်းသူလေးများဖြစ်ကြသည့် မသင်းသီရိအောင်နှင့် မခင်မို့မို့ခိုင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဂီတရသ အနုပညာစွမ်းရည် များကို ပြသကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက စမ်းချောင်း မြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းအနေဖြင့်



**စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများဖွင့်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးထံ ဒဂုံအင်တာနေရှင်နယ် လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းအောင်က ငွေကျပ် ၅၆ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၄၈ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါကြောင်း၊ ယခုထက် အောင်ချက် ရာခိုင်နှုန်းမြင့်မားရေးအတွက် ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်း၍ ဆက်လက် ကြိုးပမ်းလျက်ရှိပါကြောင်း၊ နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ ပံ့ပိုး ဖြည့်ဆည်းပေးထားသည့် ခေတ်မီသင်ထောက်ကူပစ္စည်းများကို အသုံးပြု၍ နိုင်ငံတော်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် ကျောင်းသား ကျောင်းသူများအား လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအုန်းသောင်က ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွဲ့စည်းထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေပေးအပ်ခြင်းအစီအစဉ်ကိုကျင်းပရာ ဒဂုံအင်တာနေရှင်နယ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းအောင်က ငွေကျပ် ၅၆ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဦးကိုကိုထွေး-ဒေါ်အေးအေးသန်း (တော်ဝင်မိသားစုကုမ္ပဏီ)က ငွေကျပ် ၃၈၈၀၀၀၀၊ အထက(၄) စမ်းချောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ငွေကျပ် ငါးသိန်းနှင့် စမ်းချောင်းမြို့နယ်အတွင်းရှိ မိဘပြည်သူများက ငွေကျပ် ၂၁၁၃၀၀ ကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဦးမြတ်ဦး(ဘေဘီဘိုက်တာ)၊ ဦးအုန်းသောင်-ဒေါ်ခင်ညိုညို၊ သား မောင်ရန်နိုင်မျိုးမြတ်နှင့် အထက(၄)ကျောင်းသားဟောင်းများက ငွေကျပ်တစ်သိန်းစီကို ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေထံသို့လည်းကောင်း၊ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်သိန်း၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်နှင့် ဦးနော်အောင်-ဒေါ်နန်းဖောင်းလှိုင် မိသားစုတို့က ငွေကျပ် တစ်သိန်းစီတို့ကို မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီးကျော်မင်း-ဒေါ်ချိုချို မိသားစုက ငွေကျပ် ခုနစ်သောင်း၊ ဒေါ်တင်ညွန့်က ငွေကျပ် ငါးသောင်း၊ ဦးကိုကိုနိုင်-ဒေါ်အေးအေးသန်း (Lover Video မိသားစု)က ငွေကျပ် ငါးသောင်းတို့ကို ဒုတိယဝန်ကြီး ဦးမျိုးညွန့်ထံ ပေးအပ်လှူဒါန်းကြပြီး ဦးကြင်ဝိန်-ဒေါ်သီတာထွန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာနေဝင်းတို့က ငွေကျပ် ငါးသောင်းစီတို့ကို အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မာလ်တီမီဒီယာပစ္စည်းများ ပြည့်စုံကောင်းမွန်လျှင် ပြည့်စုံကောင်းမွန်သကဲ့သို့ ကျောင်းသားကျောင်းသူများအား သင်ရိုးညွှန်းတမ်းနှင့်အညီ ထိရောက်သည့် ပညာသင်ကြားမှုကို ဆောင်ရွက်နိုင်ပါကြောင်း။

ယခုအခါ ဤအခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်မြင့်မားရေး အထောက်အကူပြုပစ္စည်းများပြည့်စုံအောင် ဝိုင်းဝန်း ဖြည့်ဆည်းပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် တင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)သည် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျောင်းမှ ပြန်လည်ထွက်ခွာကြရာ ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းကို သီဆို၍ နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ရေနံတွင်း တိုင်းတာရေးလုပ်ငန်းများ ခေတ်မီနည်းပညာရပ်များအသုံးချမှုဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၇**

ရေနံတွင်း တိုင်းတာရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာရပ်များ အသုံးချမှု ဆွေးနွေးပွဲတစ်ရပ်ကို စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းဆွေးနွေးပွဲကို Schlumberger Overseas S.A က ကမကထပြု ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားရေနံကုမ္ပဏီများမှ ပညာရှင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ဆရာ ဆရာမများ၊ အလှူရှင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)




# အကောက်ခွန်တန်ဖိုးသင့်ခြင်းနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်း ဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ပံ့ပိုးစီစဉ်မှုဖြင့် အကောက်ခွန်တန်ဖိုးသင့်ခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်းနှင့် ပင်ရင်းဒေသစည်းမျဉ်းများနှင့်စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

**တက်ရောက်**

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံး၊ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာစီးပွားရေးနှင့်လူမှုရေးကော်မရှင်၊ အာဆီယံအတွင်းရေးမှူးရုံးနှင့် မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံ ၂၁ နိုင်ငံတို့မှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ပထမဆုံးအကြိမ်**

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ယနေ့ဆွေးနွေးပွဲသည် အက်စ်ကက်နှင့် ဒဗလျူတီအိုအဖွဲ့တို့မှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏သဘောတူစာချုပ်များဖြစ်သော အကောက်ခွန်တန်ဖိုးသင့်ခြင်းနှင့် ပင်ရင်းဒေသစည်းမျဉ်းများဆိုင်ရာ သဘောတူညီချက်များကိုလည်းကောင်း၊ ကုန်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့ရေးကဏ္ဍများကိုလည်းကောင်း ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်ကျင်းပပေးသည့် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးရေး အစီအစဉ်တစ်ရပ်ဖြစ်ကြောင်း၊ ဤအကြောင်းအရာများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်လျက်ရှိပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အရေးပါသည့်အခန်းကဏ္ဍမှာရှိနေကြောင်း။

အကောက်ခွန် တန်ဖိုးသင့်ခြင်း သဘောတူညီချက်အတွက် အကောက်ခွန်ဦးစီးဌာနကလည်းကောင်း၊ အငြင်းပွားပြဿနာဖြေရှင်းခြင်းများအတွက် ရှေ့နေချုပ်ရုံးက လည်းကောင်း၊ ကုန်သွယ်မှုနှင့်ဆက်နွှယ်သော နည်းပညာဆိုင်ရာ မူပိုင်ခွင့်သဘောတူညီချက်အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကလည်းကောင်း Focal Point အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

အကောက်ခွန် တန်ဖိုးသင့်ခြင်းဆိုင်ရာ သဘောတူညီချက်နှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကွန်ပျူတာစနစ် ဖွံ့ဖြိုးရေး သင်တန်းများကိုကျင်းပပေးခဲ့ကြောင်း။

နိုင်ငံစုံကုန်သွယ်ရေးစနစ်၏ ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် ယခုဆွေးနွေးပွဲက တစ်ဖက်တစ်လမ်းမှ ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

**အမြင်ချင်းဖလှယ်**

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံမှ သင်တန်းသားကိုယ်စားလှယ်များကိုလည်း ဘာသာရပ်ဆိုင်ရာ ပိုမိုသိရှိနားလည်စေရန် ပါဝင်မေးမြန်း ဆွေးနွေး အမြင်ချင်းဖလှယ်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကိုယ်စားလှယ် Ms. Sheri Rosenow နှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်မှ ကိုယ်စားလှယ် Mr. Matthias Bruckner တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လုပ်ငန်းကိစ္စရပ်များဆွေးနွေး**

ဆက်လက်၍ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ဆွေးနွေးပွဲကိုစတင်ကျင်းပရာ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့နှင့်ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်တို့မှ ကိုယ်စားလှယ်များက ဦးဆောင်၍ မြန်မာနိုင်ငံနှင့်အာရှနှင့်ပစိဖိတ်ဒေသ နိုင်ငံများမှ ကိုယ်စားလှယ်များက အကောက်ခွန်တန်ဖိုးသင့်ခြင်း၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့ခြင်းနှင့် ပင်ရင်းဒေသစည်းမျဉ်းများနှင့်စပ်လျဉ်းသည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်မှုများရရှိပုံဟောပြောပို့ချ

**ရန်ကုန် စက်တင်ဘာ ၂၇**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ဖွင့်လှစ်သော အမျိုးသမီးထု မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှု သင်တန်းအမှတ်စဉ်(၃/၂၀၀၄)၏ သင်တန်းသူ ၈၀ တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်မှုများရရှိပုံနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

# တယ်လီဖုန်းလိုင်းများ လုံခြုံရေးအတွက် Security Code Numbering စနစ်ဖြင့် လိုင်းဖွင့်ခြင်း၊ ပိတ်ခြင်းများ ဆောင်ရွက်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တော်အတွင်း တပ်ဆင်ထားရှိသော တယ်လီဖုန်းလိုင်းများကို အခြားသူများမှ လိုင်းပွားသုံးစွဲခြင်းမပြုလုပ်နိုင်ရန်အတွက် မိမိ၏ တယ်လီဖုန်းလိုင်းကို ပိတ်ထားပြီး အသုံးပြုလိုသည့် အချိန်မှသာ Code Number စနစ်ဖြင့်လိုင်းဖွင့်လှစ်သုံးစွဲနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ဤ Code Number စနစ်သုံးစွဲခြင်းသည် မိမိဖုန်းမှ အထွက်ခေါ်ဆိုမှုများကိုသာ ထိန်းချုပ်ထားခြင်းဖြစ်ရာ အဝင်ခေါ်ဆိုမှုများမှာ ပုံမှန်အတိုင်း ဆက်သွယ်မှုရရှိနေမည်ဖြစ်သည်။

ထိုစနစ်ကို သုံးစွဲလိုသူများသည် မိမိတယ်လီဖုန်းလိုင်းနှင့် သက်ဆိုင်သည့် အော်တိုအိတ်ချိန်းများသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စား လှယ်လွှဲစာဖြင့်သော်လည်းကောင်း၊ မှတ်ပုံတင်နှင့်အတူ သွားရောက်စာရင်း ပေးသွင်း၍ဆက်သွယ်အသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့စီးပွားရေးဘဏ် ကွန်ပျူတာသင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၂၇**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် On Line Computer သင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိအမှတ်(၁/၁၉) မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)စီမံခန့်ခွဲရေးဌာန သင်တန်းခန်းမ(၂)၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား အထွေထွေမန်နေဂျာ ဦးရဲထွန်း တက်ရောက် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့**

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့

**INTERNATIONAL DAY OF OLDER PERSONS**

**1st OCTOBER 2004**

**"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"**

**" TOWARDS A SOCIETY FOR ALL AGES"**



# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူအား ပါကစ္စတန်နိုင်ငံမှသင်တန်းအုပ်ချုပ်ရေးအဖွဲ့တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူအား ပါကစ္စတန်နိုင်ငံ Pakistan Administrative Staff College, National Management Course သင်တန်းမှ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် Member of Directing Staff Mr. M. Khalid Iqbal ခေါင်းဆောင်သော သင်တန်းသားများသည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး မစ္စတာနာဝပ်ဇ်ချောင်ဒရီ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

**"သူ့အသက်မသတ်ခြင်း**
**သူ့ဥစ္စာကို မခိုးခြင်း**
**သူ့အိမ်ရာကို မပြစ်မှားခြင်း**
**မဟုတ်မမှန်သော စကားကိုမဆိုခြင်း**
**သေရည်သေရက်ကို မသောက်ခြင်း။ ။"**

တည်းဟူသော ငါးပါးသီလသည် ဗုဒ္ဓဘာသာဝင်တို့ စောင့်ထိန်းရမည့် တရားတော်ပင်ဖြစ်သည်။

ဂရုဓမ္မဆိုသည်ကား မြတ်စွာဘုရား၏ တရားတော်များကို အလေးအမြတ်ပြုရာဖြစ်သည်။ အဓိက အလေးအမြတ်ပြုရမည့် တရားကား ငါးပါးသီလပင်ဖြစ်သည်။

ထေရဝါဒ ဗုဒ္ဓဘာသာဆိုသည်မှာ သင်္ဂါယနာခြောက်တန်ဝင် ထေရ်အရှင်တို့ သင်္ဂါယနာတင်အပ်သော ဘုရားဟော ပါဠိတော်ပင်ဖြစ်သည်။

**"သင်္ဂါယနာတင်ပြီး သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊**
**ထေရဝါဒ အမည်ရ၊ မှတ်ကြဗုဒ္ဓဘာသာ၊**
**ပြင်ခြင်း၊ ဖြုတ်ခြင်း၊ ဖြည့်စွက်ခြင်း၊ အလျှင်း လက်မခံပါ"**

ထေရဝါဒ ဗုဒ္ဓဘာသာဟု ဆိုခြင်းအားဖြင့် စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော မူရင်းဗုဒ္ဓဘာသာကို ဖော်ညွှန်းသက်သေဆိုပြီး ဖြစ်သည်။

ရက်မြတ်ချိန်ခါ ဝါတွင်းသုံးလတွင် ပါဝင်သည့် တော်သလင်းလ၏ လပြည့်နေ့သည် လှူရေး၊ တန်းရေး၊ ဥပုသ်သီတင်း ဆောက်တည်ရေးတို့ဖြင့် ဘုရား၊ ကျောင်းကန်၊ ဇရပ်များတွင် စည်ကားသိုက်မြိုက်လျက်ရှိသော ဂရုဓမ္မအခါတော်နေ့ဖြစ်သည်။

ထိုလကို နက္ခတ်ဗေဒင် အခေါ်အဝေါ်အားဖြင့် ကန်ရာသီဟုခေါ်သည်။ ကန်ရာသီဟူသော ဝေါဟာရကား ကညာရာသီဟူသော ပါဠိဝေါဟာရမှ သက်ဆင်းလာကာ လက်တစ်ဖက်ကား ကောက်ဆုပ်၊ လက်တစ်ဖက်ကား ဆီမီးတိုင်ကိုင်လျက် လှေစီးသော မိန်းမပျိုသဏ္ဌာန်ရှိသည်။ ထို့ကြောင့် မိန်းမပျိုသဏ္ဌာန်ရှိသည့် ကြယ်စုတောက်ပသည့် ဤလကို ကန်ရာသီ (ကညာရာသီ)ဟု ခေါ်သည်။

ကောင်းကင်ပြင်တွင် လပြည့်ဝန်းသည် ပုဗ္ဗဘဒြပိုဒ် နက္ခတ်နှင့် ယှဉ်ပြိုင်မွန်းတည့်သည်။ ဤလ၏ ရာသီပန်းကား အင်ကြင်းပန်းနှင့် ယင်းမာပန်းတို့ဖြစ်သည်။ ပန်းလုသဘင်ဟု ခေါ်ကြသော လှေပြိုင်ပွဲနှင့် သစ်ဆင်းပွဲတို့ကို ဤလတွင် ရာသီပွဲအဖြစ် ကျင်းပလေ့ရှိကြသည်။

မြတ်စွာဘုရားသည် ငါးရာ့ငါးဆယ် တိကနိပါတ် "ကုရုဓမ္မဇာတ်တော်"၌ ကုရုဓမ္မသီလအကြောင်း ဟောကြားတော်မူခဲ့သည်။

ရှေးလွန်လေပြီးသောအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့၌ ဓနဉ္စယကောရဗျမင်းကြီး မင်းပြုသောအခါ ဘုရား အလောင်းတော်သည် ဓနဉ္စယကောရဗျမင်း၏ မိဖုရားကြီးဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်ကာ ဖွားမြင်လာခဲ့သည်။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ယူပြီး ပြန်ရောက်သောအခါ အိမ်ရှေ့မင်းဖြစ်လာသည်။ ခမည်းတော် ဘုရင်ကြီး ကွယ်လွန်၍ မင်းအဖြစ်သို့ ရောက်သောအခါ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား ကုရုဓမ္မခေါ် ကုရုတိုင်းသားများ ကျင့်သုံးအပ်သော ငါးပါးသီလကို ကျင့်သုံးဆောက်တည်စေသည်။ အလှူမဏ္ဍပ်ကြီးများထိုးကာ နေ့စဉ်၊ နေ့စဉ်၊ အလှူဒါန ပြုလုပ်သည်။ ဗုဒ္ဓဘုရားရှင်က တိုင်းသူပြည်သားတို့၏ သီလတန်းခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကာ သာယာအေးမြချမ်းသာစွာ နေထိုင်ကြရသည့်အကြောင်း ဟောကြားညွှန်ပြတော်မူခဲ့ခြင်းဖြစ်သည်။

တရားဓမ္မကို အစဉ်ကျင့်သုံးနေထိုင်သောသူများသည် စားနပ်ရိက္ခာပေါများခြင်း၊ အလှူတော်မင်္ဂလာ အဆက်မပြတ်ပေးနိုင်ခြင်း၊ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ပွားများနိုင်ခြင်းဟူသော အကျိုးထူးများ ရရှိခံစားကြရပါမည်။

**"ကုသိုလ်ပညာ ဥစ္စာရဖို့ သင့်ရာဒေသအမြဲနေ၊**
**ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်မှု အထူးရှိပါစေ၊**
**မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ၊**
**ဥစ္စာကိုပေးနေထိုင်ရေး မျှော်တွေးသုံးသပ်ချက်ပေ၊**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ"။**

**သီလကို အခြေခံထားသော ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့သည် မည်သို့နေထိုင် ကျင့်ကြံအားထုတ် လုပ်ကိုင်နေရမည်ဆိုသည်ကို အစဉ်မပြတ် ဆင်ခြင်နှလုံးသွင်း၍ နေရမည်ဖြစ်သည်။ သို့မှသာ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ မင်္ဂလာတရားတော်နှင့် ညီပေလိမ့်မည်။**

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် (စေတနံ ကမ္မံ ဘိက္ခဝေ) ဟူသော ဘုရားဟောတရားဓမ္မကို ကျင့်သုံးလိုက်နာကြရမည် ဖြစ်သည်။ မိမိတို့သည် အသိဉာဏ်မြင့်မားသော လူသားများဖြစ်၍ စေတနာကောင်းစွာနှင့် လူသားအကျိုးများကို တည့်မတ်မှန်ကန်စွာ ဆောင်ရွက်ကြရပါမည်။ စေတနာကောင်းလျှင် ကံကောင်းပေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ဤအချက်ကို စွဲမြဲစွာ ယုံကြည်ကြသည်။

တော်သလင်းလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ခြောက်လမြောက် ရာသီဖြစ်သည်။ ထိုလရာသီကား အာကာသ မိုးကောင်းကင်တွင် မိုးသားမိုးတိမ်များ ကင်းစင်၍ ကြည်လင်သာယာလျက်ရှိသည်။

ထိုလတွင် ရေပြင်ကိုကြည့်လျှင် **"တော်သလင်းမြစ်တွင်း သင်ဖြူးခင်း"** အဆိုနှင့်အညီ ရေပြင်သည် ကြည်လင်သောကောင်းကင်ပြင်နှင့် လိုက်ဖက်စွာ လှိုင်းလေကင်းစင်သဖြင့် သင်ဖြူးများဖြန့်ခင်းထားသကဲ့သို့ ပြန့်ပြူးငြိမ်သက်လျက် ရှိသည်ကို တွေ့ရပေသည်။

**မိုးထက်မြင့် ( မြစ်ဝကျွန်းပေါ် )**

ရှေးမြန်မာဘုရင်တို့သည် သာယာငြိမ်သက်သော ရေပြင်တွင် လှေပြိုင်ပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ရှိသည်။ လှေသဘင်ပွဲကို ပန်းလုသဘင်၊ ရေပွဲသဘင်၊ မြစ်ယံပွဲစသည်ဖြင့် အမည်အမျိုးမျိုးခေါ်ကြသည်။ ယင်းလှေပွဲသဘင်ကို ဘုရင်နှင့်တကွ လှော်ကားမှူးကြီးများ ကြပ်မတ်၍ ခင်းကျင်းပြုလုပ်လေ့ရှိသည်။ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ဗိုလ်ပါမှူးမတ်များ ခြံရံလျက် **"ပြည်ကြီးမွန်"** မည်သော ဘုရင့်ရွှေလှေတော်ကြီးပေါ်မှနေ၍ လှေသဘင်ပွဲကို ရှုစား လေ့ရှိသည်။

ပြည်ကြီးမွန်လှေဆိုသည်မှာ တရားသောမင်းတို့ကို ဦးညွှတ်ဟန်၊ ဦးမှပဲ့အထိ လက်ဝဲလက်ယာ အရုပ်ငါးဆယ်စီ ထုလုပ်တန်ဆာဆင်ထားသည့် ဘုရင့်ရွှေလှေတော် ဖြစ်သည်။ ဘုရင်ကိုယ်တိုင် ထွက်ကြွ ရှုစားတော်မူသဖြင့် လှေပွဲသဘင်သည် အလွန်ကြီးကျယ် စည်ကားသည်။

လှေပွဲသဘင်ကို တော်သလင်းလဆန်း ၈ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၈ရက်၊ လကွယ်နေ့များ၌ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲတွင် လှော်ကားလှေတော်ကြီး၊ လှော်ကားတော်၊ လှော်လှေတော်၊ခတ်လှေတော်၊ လောင်းလှေတော်၊ ရဲလှေ စသည်တို့ကို အမျိုးအစားအလိုက် ပြိုင်ဆိုင်စေသည်။

လှေပြိုင်ပွဲပြီးလျှင် ဘုရင့်ရေတပ်မတော်မှ လှေခွင်လှေကွင်းပြုလုပ်ပြီး မင်းစီးလှေလှော်ကားတော်ကို ရှေ့ဆုံးတွင်ထားလျက် နောက်ပိုင်းတွင် ရာထူးရာခံအလိုက် အရာရှိလှေတော်များ လိုက်ပါ၍ လှေတပ်ကြီးဖွဲ့ကာ မြူးကြွသော တူရိယာသံများတွင် လှေချင်းများ သီဆိုကာ တက်ရေး ၃၇ပါးအလိုက် အစုန်အဆန် သိုက်မြိုက်စွာ လှော်ခတ်ကြသည်မှာ မြစ်ပြင်အလုံး ပွဲတင်သံများ ဖုံးလျက်ရှိသည်ဟု စာဆိုရှိပေသည်။

အမှန်စင်စစ် ရှေးမြန်မာမင်းတို့ ကျင်းပသည့် လှေပြိုင်ပွဲသဘင်ကား ပျော်ပွဲသက်သက်မဟုတ်။ နိုင်ငံတော်ကာကွယ်ရေးအတွက် ရေတပ်အင်အားကို စမ်းသပ်လေ့ကျင့်သည့် (ဝါ) ရေတပ်မတော်သားများ၏ အရည်အသွေးကို တိုးတက်စေသော ပွဲတော်ဖြစ်ပေသည်။

မြန်မာဘုရင့်တပ်မတော်သည် ရေတပ်ကို အလွန်အားထားသည်။ အရည်အချင်းမြင့်မားသော တပ်သားများချည်း ဖွဲ့စည်းထားသည်။ ရေတပ်သားတစ်ယောက် ဖြစ်လာရန်အတွက် ဆင်ဖြင့်တိုက်သောပွဲတွင် အောင်ပွဲဆယ်ပွဲရပြီးသော ဆင်တပ်သားဖြစ်ရသည်။

ဆင်တပ်သားတစ်ယောက်၏ အရည်အချင်းမှာလည်း မြင်းတပ်သားအဖြစ် အောင်ပွဲ ဆယ်ပွဲရပြီးသူ ဖြစ်ရမည်။

ထိုကဲ့သို့ အမာခံ လက်ရွေးစင်တွေချည်း ပါဝင်ဖွဲ့စည်းထားသော ရေတပ်မတော်ကြီးမှာ အစဉ်ထက်မြက်၍ ပို့ဆောင်ဆက်သွယ်ရေးတွင်သာမက တိုက်ရည်၊ ခိုက်ရည်ပါ မြင့်မားနေပေသည်။

တော်သလင်းလမှာ ရေအင်အားသင့်တင့်လှ၍ ရှေးကာလက တော်သလင်း၌ သစ်ဖောင်မျှောချကြသည်။ များသောအားဖြင့် သစ်စုန်ဆင်းသောလဖြစ်ခြင်းကြောင့် ရှေးအခါက သစ်ဆင်းလဟုလည်း ခေါ်ကြသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ လှေသင်းအတွင်းဝန်မင်း၏ ဆရာအရင်းဖြစ်တော်မူသော မုံရွေးဇေတဝန် ဆရာတော်ကြီးက သမန္တစက္ခုဒီပနီ(ပထမအုပ်)တွင် သစ်ဆင်းလဆိုသည်မှာ တော်သလင်းလကို ဆိုလိုသည်ဟု ရေးသားထားခဲ့သည်။

လှေပွဲသဘင်နှင့် ပတ်သက်၍ ရာဇဝင်မှတ်တမ်းတစ်ခုကို ဆက်လက်ဖော်ပြလိုပါသည်။ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနယုန်လပြည့်ကျော် ၁၁ရက်နေ့က ဖြစ်သည်။ နေရာကား ရတနာပူရ ရွှေအင်းဝနေပြည်တော်၌ ဖြစ်သည်။ ဘကြီးတော်ဘုရားထံသို့ တရုတ်ပြည်မှ သံတမန်များ အဖူးအမြော်ရောက်လာရာ သက်ဆိုင်ရာတို့က ကောင်းမွန်စွာ ဧည့်ခံပြုစုကြသည်။ နှစ်စဉ်ကျင်းပမြဲ ဖြစ်သော မြန်မာတို့၏ တော်သလင်းလ လှေပွဲသဘင်သည် တရုတ်ပြည်အထိ ကျော်ကြားနေခဲ့သည်။

တရုတ်သံများက မြန်မာတို့၏ လှေပွဲသဘင်ကို ရှုမြင်လိုသော ဆန္ဒများဖြစ်လာ၍ ဘကြီးတော်ဘုရားက ဆိုင်ရာတို့အား ဆင့်ဆိုစေပြီး တရုတ်သံတို့အား လှေပွဲသဘင် ရှုမြင်စေတော်မူခဲ့သည်။ လှေပွဲသဘင်ကြီးကို မည်သို့ ဆင်ယင်ကျင်းပပုံ၊မည်သည့်လှေတော်များ ပါဝင်ယှဉ်ပြိုင်ကြပုံများကို ပညာရှိအမတ်ကြီး ဒုတိယနဝဒေးက **"တရုတ်သံရောက် မော်ကွန်း"**၌ မှတ်တမ်းတင်ထားခဲ့သည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ဒေသများ၌ ဝါတွင်းဓလေ့ထုံးစံကား အဖိတ်နေ့မှစ၍ ရပ်ကွက်၊ ကျေးရွာ ဓမ္မာရုံများ၌ ဝတ်အသင်းသူအသင်းသားများက အတီးအမှုတ်၊ အဆိုအကများဖြင့် အလှူခံထွက်ကြသည်။ ထိုအချိန်တွင် တောင်သူလယ်သမားများအဖို့ မိုးလေငြိမ်သက်၍ ထွန်တုံးပိတ်ပြီး ခေတ္တအနားယူသော အချိန်လည်းဖြစ်သည်။

ဓမ္မာရုံများတွင် ဓမ္မစကြာအသင်းအဖွဲ့များက ဘုရားဂုဏ်တော်များ၊ ဓမ္မစကြာတရားတော်များ၊ ပဋ္ဌာန်းဒေသနာတော်များ၊ ပရိတ်တရားတော်များကို ညဥ့်သန်းခေါင်ကျော်အထိ ရွတ်ဖတ်ပူဇော်ကြသည်။ ဝါတွင်းလများ၌ တရားသံများဖြင့် ဖုံးလွှမ်းနေပြီး ကြည်နူးဖွယ်ရာ ကောင်းလှပါသည်။

သို့ဖြစ်ရာ တော်သလင်းလသည် ဗုဒ္ဓဘာသာဝင်တို့အဖို့ ငါးပါးသီလဖြစ်သော ဂရုဓမ္မသီလကို ခါးဝတ်ပုဆိုးပမာ မြဲမြဲစွာထိန်းသိမ်းစောင့်ရှောက်ကြမည်ဟု အဓိဋ္ဌာန်ပြုကာ ဂရုဓမ္မအခါတော်နေ့ကို ကျင်းပသောလ၊ လှေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သောလဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **သီလကို အခြေခံထားသော ဤဂရုဓမ္မအခါတော်နေ့သည် ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့သည် မည်သို့နေထိုင် ကျင့်ကြံအားထုတ် လုပ်ကိုင်နေရမည်ဆိုသည်ကို အစဉ်မပြတ် ဆင်ခြင်နှလုံးသွင်း၍ နေရမည်ဖြစ်သည်။ သို့မှသာ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ မင်္ဂလာတရားတော်နှင့် ညီပေလိမ့်မည်။**



**စက်တင်ဘာ ၂၅ရက်က ပန်းဘဲတန်းမြို့နယ် အမှတ် (၉) ရပ်ကွက် ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက် ဆံ ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်တိုး၊မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့်ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**
(ခရိုင်ပြန်/ဆက်)

## ဆုချီးမြှင့်

**စက်တင်ဘာ ၂၅ ရက်က အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း လှိုင်မြို့နယ် ၂၀၀၃-၂၀၀၄ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အဋ္ဌမတန်း ပထမဆုရ မစုလှိုင်ဖြိုးအား ဆုချီးမြှင့်စဉ်။**
(က-ပ)



# ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၇

**ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၅ တိုက်နှင့် ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၆ရက် မွန်းလွဲ ၁ နာရီက စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား သန္တိသုခမ္မောရုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၅တိုက်နှင့်ဒေါ်ဉာဏစာရီ မြန်အောင် သီလရှင်စာသင်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ပဲ တို့ကို တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေး ချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိ ချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်တို့က ဝေဠုဝန် ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်နှင့် ဒေါ်ဉာဏ စာရီ မြန်အောင်သီလရှင်စာသင်တိုက်မှ သီလရှင် ဆရာကြီးများထံ ဆက်ကပ် လှူဒါန်းကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆွမ်းဆန်တော်များ၊ ရန်ကုန် အနောက် ပိုင်းခရိုင်နှင့်စမ်းချောင်းမြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ က ဆွမ်းဆန်တော်များ၊ သာသနာရေး ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီတို့က ဆွမ်းဆန် တော်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်က ဆီနှင့် ဆပ်ပြာများ၊ ဦးသိန်းမောင်–ဒေါ်ပါး ပါး စန္ဒီပရဆေး မိသားစု၊ ဦးငြိမ်း– ဒေါ်အုံးကြင် အိုကေမိသားစု ဆန်၊ ဆီရောင်းဝယ်ရေး ဘုရင့်နောင်ပွဲရုံ တန်းနှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်း အဖွဲ့ချုပ်တို့က ဆွမ်းဆန်တော်များ၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆား နှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်

လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း က အိုင်အိုဒင်းဆားနှင့် သွားတိုက် ဆားဘူးများ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ထွန်းရွှေ ဝါဆေးတိုက်မှ ဦးထွန်းရွှေ–ဒေါ်သင်း သင်းဆွေ မိသားစု၊ ကေသီပန် ဆေးတိုက်၊ ဦးရွှေမြား ဆေးတိုက်နှင့် ကျော် တိုင်းရင်းဆေးဝါးလုပ်ငန်းတို့က တိုင်းရင်းဆေးဝါးများနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှအငြိမ်းစားပုဂ္ဂိုလ်ဒေါက်တာ ဖေဉာဏ် မိသားစုက သင်္ကြန်စာနှင့် နက္ခတ်ဗေဒင် မဂ္ဂဇင်းများကိုဆက်ကပ် လှူဒါန်းကြသည်။

## လက်ခံရယူ

ထို့နောက် စာသင်တိုက်ကြီးများ အတွက် ဆွမ်းပဒေသာပင်အလှူတော် ငွေအဖြစ် တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေကျပ်၁၆၀၀၀၀ကို တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)မှ ဒုတိယဗိုလ်မှူးကြီးတင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်တို့က ပေး အပ်လှူဒါန်းကြရာ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းက လက်ခံ ရယူသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြ သည့် ရန်ကုန်တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၈၀၀၀၊ စမ်းချောင်းမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူ များက စုပေါင်းလှူဒါန်းငွေ ကျပ်ရှစ် သိန်း၊ ကေသီပန်ဆေးဝါးထုတ်လုပ် ရေးမိသားစုက ငွေကျပ်၃၅၀၀၀၀၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ ဦးတင်ဝင်း–ဒေါ်စန်းဝင်းမိသားစုနှင့် စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် မှ ဦးခင်မောင်မြင့်(ခ)ကိုတူး–ဒေါ်ခင် ဆွေဦးမိသားစုတို့က ငွေကျပ်သုံးသိန်း စီ၊ သမားတော်ဦးဘိုကြီး–ဒေါ်သန်း သန်းမိသားစုက ငွေကျပ် နှစ်သိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဆရာကြီး ဦးကျော်

မင်းက ငွေကျပ်၁၆၀၀၀၀၊ ဦးချူ သန်း– ဒေါ်ဝင်းကြည် မြေလတ်သား မိသားစု စမ်းချောင်းမြို့နယ်က ငွေကျပ် ၁၆၀၀၀၀၊ ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေး မိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ဘီတီဘီကုမ္ပဏီ ဦးသိုင်း ဝင်း–ဒေါ်ဌေးဌေးညွန့် မိသားစုက ငွေကျပ်၁၅၀၀၀၀၊ သမ္မတသက်န်း တိုက်မှ ဦးသန်းနိုင်–ဒေါ်ကြည်ကြည် ဆွေမိသားစုက ငွေကျပ် ၁၂၀၀၀၀၊ စမ်းချောင်းမြို့နယ်အတွင်းရှိ စည်ပင် သာယာဈေးများနှင့် အနေးယာဉ် လုပ်သားများက ငွေကျပ် ၁၂၀၀၀၀၊ ဦးစိန်ထွေးမိသားစု(ဂင်ဇာလှဆောက် လုပ်ရေး)က ငွေကျပ်၁၀၈၀၀၀၊ ဦးတင် အောင်–ဒေါ်လှလှနွယ် ဝင်းရတနာ ခရီးသွားလုပ်ငန်းမိသားစုက ငွေကျပ် ၁၀၈၀၀၀၊ ဦးအောင်မွန်–ဒေါ်လှလှ မော် မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေး မိသားစု၊ စမ်းချောင်းမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြည့်မြင် တိုင်မြို့နယ် တောလမ်းနေ မိခင်ကြီး ဒေါ်ကျင်မြနှင့်မိသားစု၊ စမ်းချောင်း မြို့နယ်မှ ဒဂုံဦးလှမြင့်–ဒေါ်သန်းဌေး မိသားစု၊ စမ်းချောင်းမြို့နယ်မှ ဦးမောင် မောင်–ဒေါ်ခင်တီ မိသားစု၊ စမ်းချောင်း မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း များနှင့် စမ်းချောင်းမြို့နယ် ရှင်စောပု ရပ်ကွက်နေ ဒေါ်ခင်တင့်နှင့်သားသမီး၊ မြေးတစ်စုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် ဆန်း မြန်မာ ကုမ္ပဏီမိသားစုက ငွေကျပ် ၈၀၀၀၀၊ စမ်းချောင်းမြို့နယ်ရှိ လူမှုရေး အဖွဲ့အစည်းများက ငွေကျပ်၇၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်မိသားစု၊ သမား တော်ကြီး ဦးရွှေမြားမိသားစုနှင့် လမ်း မတော်မြို့နယ်မှ ဒေါ်လှလှတို့က ငွေကျပ် ၅၀၀၀၀စီအပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ တွဲဖက်စစ် ရေးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးနှင့် တပ်မတော် အရာရှိကြီးများက လက်ခံယူကြသည်။

စက်တင်ဘာ၂၆ရက်က ကျင်းပ သည့် အခမ်းအနားတွင် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့်စေတနာ ရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုပေါင်း မှာ ဆွမ်းဆန်တော်၄၃၈အိတ်၊ ဆီ၁၆၃ ပိဿာ၊ အိုင်အိုဒင်းဆား ၁၆၃၄ ပိဿာ၊ သွား တိုက်ဆားဘူး ၃၂၇ဘူး၊ ပဲ၃၂၆ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၈၇၀ နှင့် တိုင်းရင်းဆေးပုံးရှစ်ပုံး၊ ပဒုမ္မာ ဆပ်ပြာ တုံး၃၂၆၈တုံး၊ သင်္ကြန်စာနှင့် နက္ခ ဗေဒင် မဂ္ဂဇင်းအုပ်ရေ ၁၀၀ နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၄၅၇၄၀၉၀ ဖြစ်သည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင် မြို့နယ်များအတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်ခြောက်တိုက်သို့ တပ်မ တော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင်အလှူတော်ငွေများ စိုက်ထူ လှူဒါန်းပွဲအခမ်းအနားကို ညနေ၃နာရီ တွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူ လမ်းရှိ မင်္ဂလာရာမပါဠိတက္ကသိုလ် စိန်ရတုငါးထပ်ကျောင်းဆောင်တော် ကြီး၌ ကျင်းပသည်။

## လှူဖွယ်ပစ္စည်းများလှူဒါန်း

ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တွဲဖက်စစ်ရေး ချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကိုမိသားစု များကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)မှ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်တို့က ဆရာတော်၊ သံဃာတော်များထံ ဆက် ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်း သော ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ဆေး နှင့်ပဲများကို တာဝန်ရှိသူများနှင့် အလှူ ရှင်များက ဆရာတော်၊ သံဃာတော် များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ခြောက်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် တစ်သောင်း ရှစ်ထောင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် နှင့် ဗိုလ်တထောင်မြို့နယ်၊ ပုဇွန် တောင်မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် သုံးသိန်း၊ Asia Express Co., Ltd. မှ ဒါရိုက်တာများ ဖြစ်ကြ သော ဒေါ်ခင်ဝါဝါနှင့် ဒေါ်မိမိစိန် တို့က ငွေကျပ် ၂၅သိန်း၊ ဦးစိုးမြင့်– ဒေါ်ခင်နီလာ မိသားစု၊ ဒေါ်စီ မိသားစု၊ ဦးသောင်းညွန့်–ဒေါ်သိန်းသိန်းနှင့် ဒေါ်အေးလှတို့က ငွေကျပ် ခြောက် သိန်းစီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ် ငန်းရှင်များအသင်းချုပ်က ငွေကျပ် လေးသိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ်အဖွဲ့ချုပ်၊ Mother Trading Co., Ltd.၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီ အရောင်းဆိုင်၊ ဦးဌေးဝင်း–ဒေါ်အေး အေးခိုင် မိသားစု၊ မြောက်ဥက္ကလာပ ချမ်းမြေ့စတိုး၊ စိန်စိန် ဆေးဆိုင်နှင့် ထွန်းရွှေဝါဆေးတိုက်နှင့် ဒေါ်ခင်သန်း မြင့်တို့က ငွေကျပ် သုံးသိန်းစီ၊ ဗိုလ်တထောင်မြို့နယ်မှ စေတနာရှင် များကငွေကျပ်နှစ်သိန်းခြောက်ထောင်၊ မြန်မာပြည်သားဟော့ ကေအင်န် ကုမ္ပဏီ၊ ဟွာရှင်း ရတနာရွှေဆိုင်၊ A.C.E ဆောက်လုပ်ရေးကုမ္ပဏီ၊ Lizstar Enterprise Co., Ltd.၊ တာမွေမြို့နယ်မှ ဒေါက်တာမိုးတင်၊ သဃ်န်းကျွန်းကြည်သာရတနာရွှေဆိုင်၊ စိန်နှင့်စန်းကုမ္ပဏီ၊ ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး Silver Shine Co.,Ltd.၊ ကျောက်တံတားမြို့ နယ်ဆိပ်ကမ်းသာလမ်းဆွမ်းလောင်း အသင်း၊ နှင်းဆီကုမ္ပဏီနှင့် ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတို့က ငွေကျပ် နှစ်သိန်းစီ၊ ဟိန္ဒူဆိုရှယ် ကလပ်က ငွေကျပ်၁၅၀၅၅၅၊ကျော်သာ ကုမ္ပဏီက ငွေကျပ် တစ်သိန်းငါး သောင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည် ကြီးများအသင်းနှင့် မြန်မာနိုင်ငံဆီ ကုန်သည်ကြီးများအသင်းတို့က ငွေ ကျပ် နှစ်သိန်းစီ၊ စန္ဒီပရဆေးမိသားစု ကငွေကျပ် ၁၅၀၀၉၀၊ ဘီတီဘီကုမ္ပဏီ က ငွေကျပ် တစ်သိန်းငါးသောင်း၊ သမ္မတသက်န်းတိုက်က ငွေကျပ် တစ်သိန်းနှစ်သောင်း၊ ဝင်းရတနာ ခရီး သည်ပို့ဆောင်ရေးလုပ်ငန်းက ငွေ ကျပ် တစ်သိန်းရှစ်ထောင်၊ မြင့်မြတ် စပါး စိုက်ပျိုးရေးလုပ်ငန်းက ငွေကျပ် တစ်သိန်း၊ ဗိုလ်တထောင်မြို့နယ်မှ ဌာနဆိုင်ရာများက ငွေကျပ်၁၂၀၅၀၀၊ ဦးခင်မောင်သော်နှင့် ဦးအေးဝင်းတို့က ငွေကျပ် တစ်သိန်းတစ်သောင်း၊ နုငယ် ဆောက်လုပ်ရေးကုမ္ပဏီ၊ ဗန်းမောက် မြို့မှ ဦးတင်ဖေ မိသားစုနှင့် ကျောက်တံတားမြို့နယ်မှ ဒေါ်ရွှေသန်း ကြည်တို့က ငွေကျပ်တစ်သိန်းစီ၊ ဆန်း မြန်မာကုမ္ပဏီက ငွေကျပ်ရှစ်သောင်း၊ မြန်မာနိုင်ငံ ပဲ၊ နှမ်း ကုန်သည်များ အသင်း၊ ဦးအုန်းမောင်နှင့် သားသမီး များ၊ ဦးသန်းအောင်ကျော်နှင့် ဦးခင် အောင်၊ ဦးမြဟန်၊ ဆော်လမွန်ဆောက် လုပ်ရေး၊ ထူးရေခဲမုန့်၊ ပေါ်လီမာ ကုမ္ပဏီနှင့် ဟိုင်လုံငါးလုပ်ငန်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဘိုကလေးဈေး နှင့် ချမ်းမြေ့ဈေး ဆီကုန်သည်များက ငွေ ကျပ်၈၅၀၀၀၊ မြန်မာ့ ကြယ်ငါးပွင့် သဘော်လုပ်ငန်းက ငွေကျပ် ၅၄၆၆၀၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၂)နှင့် အမှတ်(၆)အခြေခံပညာ အထက်တန်း ကျောင်းတို့က ငွေကျပ်၅၄၃၀၀၊ ပုဇွန် တောင်မြို့နယ် ပညာရေးမိသားစုက ငွေ ၅၂၈၃၅ကျပ်၊ တုန်းတာကုမ္ပဏီ၊ ဖြူစင်မေတ္တာဆေးတိုက်၊ Super Seven Star Co., Ltd.၊ ပုဇွန်တောင် မြို့နယ် ဗီဒီယိုအခြေခံအစည်းအရုံး၊ နန်းသဇင်ပုံနှိပ်တိုက်နှင့် အောင်ဆန်း သူရိယဗိုလ်မှူးအေးချို၏ဇနီးဒေါ်တင် တင်အုန်းတို့က ငွေကျပ်တစ်သိန်းစီ၊လမ်း မတော်မြို့နယ်မှ ဒေါ်လှလှ၊ တိုင်းရင်း ဆေးဆရာကြီး ဦးရွှေမြား မိသားစု၊ ဒေါ်အေးကြည်မိသားစု၊ ဗိုလ်တထောင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ UKG Education Center၊ ဦးအောင်သန်းမိသားစု၊ Feel ခေါင်း လိမ်းဆီ၊ နန္ဒာနေဦးပါနေဓမ္မသာလ လူမှုရေးအသင်း၊ EVA Air၊ ပုဇွန် တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုး သမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဝင်းမိသားစု ဆောက်လုပ်ရေးနှင့် ဦးစိုင်းဘုန်းထူး မိသားစုတို့က ငွေကျပ် ၅၀၀၀၀စီ အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူတော်ငွေကျပ် ၁၄၇၅၉၉၄၀ကို ပေးအပ်လှူဒါန်းကြရာ စစ်ဦးစီးအရာရှိ ချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီး များက စာသင်တိုက်များကိုယ်စား လက်ခံကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဗိုလ်တ ထောင်မြို့နယ်နှင့်ပုဇွန်တောင်မြို့နယ် များအတွင်းရှိ ဘုန်းတော်ကြီးစာသင် တိုက် ခြောက်တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ စက်တင်ဘာ ၂၆ရက်က လှူဒါန်းမှုအစုစုတို့မှာ ဆွမ်း ဆန်တော်၁၉၆အိတ်၊ ဆီပိဿာ ၆၀၊ အိုင်အိုဒင်းဆား ၆၀၁ပိဿာ၊ သွားတိုက် ဆားဘူး၁၂၀၊ တိုင်းရင်းဆေးမျိုးစုံနှင့် နိုင်ငံခြားဆေးမျိုးစုံ၂၉၃၆ဘူး၊ ပဲ ပိဿာ ၁၂၀၊ ဆပ်ပြာတောင့် ၆၀၁ တောင့်၊ ဆပ်ပြာမွှေး ၆၀၁ခဲနှင့် ဆွမ်းပဒေသာ ပင်အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၁၄၇၅၉၉၄၀ဖြစ်သည်။ **(သတင်းစဉ်)**



**ရန်ကုန် အရှေ့ပိုင်းခရိုင် ဗိုလ်တထောင်မြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများက ဆရာတော်ထံဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)



**ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက် ၁၅တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ပဲတို့ကို တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးသန်းလှိုင်တို့က သီလရှင် ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)



# မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများစည်းဝေး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၇

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၂၅ရက် မွန်းလွဲပိုင်းတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ကျင်းပသော တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တက်ရောက် အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ထို့နောက် မြို့နယ် အသင်း အတွင်းရေးမှူး ဦးတင်စိုးက မြို့နယ်အသင်း၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက စည်းရုံးရေးထူးချွန်ဆုအဖြစ် ကွမ်းပင်ကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စုနှင့် ထူးတပ်ကျေးရွာအုပ်စုတို့မှ စည်းရုံးရေးမှူးများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် နယ်မြေအလိုက်ဆုများကို ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တိုင်းအသင်း အတွင်းရေးမှူး၊ တိုင်းအလုပ်အမှုဆောင်နှင့် ခရိုင် အလုပ်အမှုဆောင်တို့က ချီးမြှင့်ကြသည်။

## ရွှေကျင်မြို့နယ်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိပြီး အသင်းရုံးခန်းမ၌ ကျင်းပသော ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွှေကျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဇော်ဝင်းက ၂၀၀၄ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစီရင်ခံစာကို ဖတ်ကြားပြီး နယ်မြေအလိုက် အသင်းဝင် အဆိုပြုလွှာများပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။

## သနပ်ပင်မြို့နယ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသို့ရောက်ရှိပြီး အသင်းရုံး၌ ကျင်းပသော သနပ်ပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်အားပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နယ်မြေအလိုက် စည်းရုံးရေး စွမ်းဆောင်ဆုများကိုလည်းကောင်း၊ ရပ်ကွက်ကျေးရွာအလိုက် စည်းရုံးရေးစွမ်းဆောင်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်းသတင်း ရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

၂၀၀၄ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု (ရတခ)ဇုန် မော်လမြိုင်မြို့၌ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု (နတခ) ဇုန် ပုသိမ်မြို့၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ)အုပ်စု (နမခ) ဇုန် မုံရွာမြို့၌ကျင်းပသောပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု (လပခ)ဇုန် မန္တလေးမြို့၌ ကျင်းပသောပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်အသင်းတို့ ငါးဂိုးစီဖြင့် သရေပွဲဖြစ်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စက်တင်ဘာ ၂၇ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဗိုလ်မှူးချုပ်သိန်းဇော် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄) အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (ဆက်သွယ်ရေး)**



# ပါကစ္စတန်နိုင်ငံ လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်မြို့တွင်းလေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်မြို့တွင် လေ့လာရေး ခရီးရောက်ရှိနေသော ပါကစ္စတန်နိုင်ငံ Pakistan Administrative Staff College (PASC ) မှ Staff College အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် Mr. M. Khalid Iqbal ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်က ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းကျော်နှင့် တာဝန်ရှိသူများက အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ် ပြတိုက်၊ အမျိုးသားပြတိုက်နှင့် ဇဗားရှားဂူဗိမာန်တို့သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ **(သတင်းစဉ်)**


## ကွက်ကျားမိုး

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။**


# ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဒုတိယအကြိုဗိုလ်လုပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၀၄ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၁၇)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်သွားသည်။

ပြိုင်ပွဲကို စက်တင်ဘာ၂၉ရက် နံနက်၇နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ တတိယနေရာလုပွဲအဖြစ် ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဗိုလ်လုပွဲကို စက်တင်ဘာ၃၀ရက် ညနေ၃နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ရန်ကုန်တိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

**စက်တင်ဘာ၂၇ရက်က သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂)တွင် မီးဘေးကြိုတင်ကာကွယ် တားဆီးရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြရှင်းလင်းပွဲကို မြို့နယ် မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များက လာရောက်ရှင်းလင်းပြသသည့် အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားစဉ်။**

(က-ပ)





- လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး
- လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေး
- လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး
- လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏(၄)ကြိမ်မြောက် အစည်းအဝေး

**ရန်ကုန်မြို့**
**၂၀၀၄ ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ**

# ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

**ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)ကို စက်တင်ဘာ ၂၅ရက် နံနက် ၈နာရီက ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးကြီးတင်လှိုင်၊ တိုင်းအထွေထွေအုပ်ချုပ်ရေးမှူးဦးလှစိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းနှင့် အလုပ်အမှုဆောင်များ၊ရန်ကုန်အနောက်ပိုင်းခရိုင်အသင်း အတွင်းရေးမှူးဦးတင်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့်အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးနှင့်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ထူးချွန်အသင်းဝင်များ တက်ရောက်ကြသည်။



## အမှာစကားပြောကြား

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံ ဗိုလ်မှူးကြီးတင်လှိုင်က အဖွင့်အမှာစကားပြောကြား၍ ထူးချွန်အသင်းဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။

## အလှူငွေလက်ခံ

ထို့နောက် အလှူရှင်များက လှူဒါန်းသော အလှူငွေများကို လက်ခံသည်။

## အကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေး ဒုတိယပိုင်းကိုကျင်းပရာ မြို့နယ်အလုပ်အမှုဆောင်များက အစီရင်ခံစာများ ဖတ်ကြားကြပြီး တက်ရောက်လာကြသော ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပေးအပ်လှူဒါန်း

**စက်တင်ဘာ ၉ရက် က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၃) ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲမှကျင်းပသော ကျောင်းသုံးပစ္စည်းထောက်ပံ့လှူဒါန်းပေးအပ်ပွဲကို အမှတ်(၂၃)အခြေခံပညာမူလတန်းကျောင်း ခန်းမတွင် ကျင်းပရာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်နွဲ့က ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

(က-ပ)


သစ်တောရတနာ၊ပြည့်ဘဏ္ဍာ
အစဉ်ထာဝရ ထိန်းသိမ်းကြ။

MYANMAR FURNITURE FAIR - 2004
MFF 04

မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၄
အောက်တိုဘာလ (၂၂)ရက်မှ (၂၆)ရက်
တပ်မတော်ခန်းမ၊ဦးဝိစာရလမ်း
ရန်ကုန်မြို့။




**မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ရန်ကင်းမြို့နယ် အထက(၁)နှင့် တောင်ဥက္ကလာပ မြို့နယ် အထက(၁)တို့တွင်ကျင်းပရာ စက်တင်ဘာ ၂၅ရက်က တောင်ဥက္ကလာပမြို့နယ် ဗုန်နယ်မြေမှူး ရဲသူရိန်အောင်ဝင်းစိန် ရန်ကင်းအထက(၁)တွင် ဟောပြောစဉ်။ (၁၉၂)**

# ဝန်ထမ်းနှင့်လုပ်သားများအလိုရှိသည်

၁။ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်ရှိ ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွက် အောက်ပါဝန်ထမ်းများနှင့် လုပ်သားများအလိုရှိသည်-

| | | | |
|---|---|---|---|
| (က) | ကျန်းမာရေးဝန်ထမ်းများ(ဆရာဝန်၊ လက်ထောက်ကျန်းမာရေးမှူးနှင့်သူနာပြု) | | |
| | (၁) ဆရာဝန် | အမ်ဘီဘီအက်စ် (လစာကောင်းမည်) | (၅)ဦး |
| | (၂) လက်ထောက်ကျန်းမာရေးမှူး/ သူနာပြုဆရာမကြီး | Health Assistant/Green Staff (လစာကောင်းမည်) | (၁၀)ဦး |
| | (၃) သူနာပြု | အထက်တန်းသူနာပြု (Blue Staff)/ သူနာပြု(Red Staff) (လစာကောင်းမည်) | (၅)ဦး |
| (ခ) | ဆရာ/ဆရာမ | အခြေခံပညာမူလတန်းကျောင်းအတွက် ဘွဲ့ရ သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင် (လစာကောင်းမည်) | (၆)ဦး |
| (ဂ) | မော်တော်ယာဉ်စက်ပြင်/ ဘော်ဒီ/ဆေးမှုတ် | ကျွမ်းကျင် (လစာကျပ်-၇၀၀၀၀) | (၁၀)ဦး |
| (ဃ) | ယန္တရားစက်ပြင် | ကျွမ်းကျင်မှုအဆင့်ဆင့် (လစာကျပ်-၇၅၀၀၀၊ ၆၀၀၀၀၊၅၀၀၀၀) | (၅)ဦး |
| (င) | ယန္တရားစက်မောင်း | ကျွမ်းကျင် (လစာကျပ်-၆၀၀၀၀နှင့် လုပ်ကွက်အပေါ် ထပ်မံခံစားခွင့်ရှိသည်။) | (၁၀)ဦး |
| (စ) | ယာဉ်မောင်း | ကျွမ်းကျင် (လစာကျပ်-၅၀၀၀၀) | (၁၀)ဦး |
| (ဆ) | စိုက်ပျိုးရေးဝန်ထမ်း | စိုက်ပျိုးရေးဒီပလိုမာ/ဘွဲ့ရ (လစာကောင်းမည်၊ အတွေ့အကြုံရှိသူပိုမိုခံစားခွင့်ရှိမည်။) | (၁၀၀)ဦး |
| (ဇ) | စိုက်ပျိုးရေးလုပ်သား | တောရှင်းခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အပင်ထိန်းသိမ်းခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်သူ (နေ့စား-တစ်နေ့ကျပ်-၁၀၀၀ နှုန်း) | (၅၀၀၀)ကျော် |

၂။ ဆရာဝန်လျှောက်ထားသူများသည် အသက်(၆၀)ထက်မကြီးရ၊ ကျန်ဝန်ထမ်းနှင့် လုပ်သားလျှောက်ထားသူများသည် အသက် (၄၀)ထက် မကြီးရ။ နေထိုင်မှု အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီး ဆေးဝါးကုသမှုစရိတ်ကိုလည်းကုမ္ပဏီက ကျခံပေးမည်။ အလုပ်တာဝန်ခန့်အပ်ခံရသူများသည် ကန်ထရိုက်စာချုပ် နှစ်နှစ်ချုပ်ဆိုရမည်ဖြစ်ပြီး ဆန္ဒရှိပါက ရာသက်ပန်နေထိုင်လုပ်ကိုင်နိုင်ရန် စီမံပေးသွားမည်။

၃။ အပိုဒ်ခွဲ(က)မှ(ဆ)အထိ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုတစ်နှစ်ပြည့်ပါက နားရက်တစ်လကို (လစာအပြည့်ဖြင့်) ခွင့်ပြုမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပါက နားရက်တစ်လ (လစာအပြည့်) အပြင် ခွင့်ပြန်လိုပါက အသွားအပြန်ခရီးစရိတ်ကို ကုမ္ပဏီက ကျခံပေးမည်။

၄။ အပိုဒ်ခွဲ(ဇ)မှ စိုက်ပျိုးရေးလုပ်သားများ တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပါက ဆုငွေကျပ် ၃၀၀၀၀ ချီးမြှင့်ပေးမည်ဖြစ်ပြီး ခွင့်ပြန်လိုပါက အပြန်ခရီးစရိတ်ကို ကုမ္ပဏီက ကျခံပေးမည်။

၅။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပြီး ခန့်အပ်ခြင်းခံရပါက ၎င်းလိပ်စာများတွင် စုရပ်ထားရှိ၍ လုပ်ငန်းခွင်အရောက် ကုမ္ပဏီက တာဝန်ယူပို့ဆောင်ပေးမည်-

(က) အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ယုဇနစင်တာ(တတိယထပ်)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇၊ ဖက်စ် ၅၄၀၇၄၁

(ခ) အမှတ် (ယ ၉/၁)၊ ရန်ကုန်-မန္တလေးလမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်၊ ကျွဲဆည်ကန်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၈၀၈၆၅

(ဂ) ယုဇနဟိုင်းဝေးလီမိတက်၊ ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး စီမံကိန်း၊ ပျော်ဘွယ်-မိတ္ထီလာလမ်းတည်ဆောက်ရေး စီမံကိန်းရုံး၊ ပျော်ဘွယ်မြို့၊ ဖုန်း-၀၆၄- ၂၂၁၉၉

(ဃ) ဧရာဝတီရေလုပ်ငန်းလီမိတက်၊ အမှတ်(၁) ရပ်ကွက်၊ ကမ်းနားလမ်း၊ ရန်ကင်းတောင်စက်မှုဇုန်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း၊ ဖုန်း-၀၄၂-၂၅၀၂၁၊၂၅၀၂၂၊၂၅၀၂၃၊၂၄၉၁၂

(င) အမှတ် ၁၂၅၊ ဗိုလ်ချုပ်လမ်း၊ဆိတ်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း၊ ဖုန်း-၀၅၉-၄၁၁၇၆၊ ၄၁၂၄၇

(စ) အမှတ် ၄၇၀၊ ကြံ့ခိုင်ရေးလမ်း၊ အဏ္ဏဝါရပ်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း၊ ဖုန်း-၀၅၉- ၅၁၂၀၉

၆။ ထို့အပြင် ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံ၊ ရေစကြို၊ ချောင်းဦး၊ ပခုက္ကူ၊ မုံရွာ၊ ဘုတလင်၊ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ဆားလင်းကြီး၊ ထီးလင်း၊ ပေါက်၊ မြိုင်၊ ဂန့်ဂေါ၊ ဆော၊ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း၊ စလေ၊ စလင်း၊ ပွင့်ဖြူ၊ မင်းဘူး၊ မင်းလှနှင့် အခြားမြို့များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးများ၌လည်း လျှောက်ထားနိုင်သည်။

# အမှတ်(၃)ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းဖွင့်ပွဲ ကျောက်ပန်းတောင်းမြို့ ဆုံကုန်းကျေးရွာတွင် ကျင်းပ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်မြောက်ဘက် ဆုံကုန်းကျေးရွာအုပ်စု အမှတ်(၃) ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းဖွင့်ပွဲ အခမ်းအနားကို ဆုံကုန်းကျေးရွာသီရိမင်္ဂလာ ညောင်ကုန်းကျောင်းတွင် စက်တင်ဘာ ၈ရက်က ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားတွင် စီတ္တိန်းကျေးရွာအုပ်စု သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တဝေပုလ္လမှ ငါးပါးသီလ ချီးမြှင့်ပြီး ဘုန်းတော်ကြီးကျောင်းများ ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကျွဲကန်ဆရာတော်က ဘုန်းတော်ကြီးပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းမြွက်ကြားတော်မူသည်။

ထို့နောက် မြို့နယ်လက်ထောက်သာသနာရေးမှူး ဦးတင်အောင်၊ ဆုံကုန်း ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။ **(၀၆၁)**



**ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်ပညာရေးဌာနမှ ကြီးမှူးကျင်းပသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ရက်က အထက(၁)မင်းရာဇာခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။** (မြို့နယ် ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ် သတင်းများ





# ဒိုက်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုပေးအပ်

**ဒိုက်ဦး စက်တင်ဘာ ၂၅**

ဒိုက်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်၎င်းတို့၏ သားသမီးများ တက်ရောက်ကြသည်။

**ချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က အမှာစကား ပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)က အဖွဲ့၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဆုရရှိသူများအား **(အောက်ပုံ)** ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**သီပေါမြို့နယ် တအောင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူး၍ တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင် ကျောင်းသားကျောင်းသူများဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၈ ရက်က ရတနာရွှေဂူကျောင်း၌ ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းက ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (၃၀၆)

# ဒေးဒရဲမြို့နယ်ပညာရေးဝန်ထမ်း သမဝါယမ အသားတင်အစုပေါ် အကျိုးခံစားခွင့်ပေးအပ်

**ဒေးဒရဲ စက်တင်ဘာ ၁၂**

ဒေးဒရဲမြို့နယ် ပညာရေးဝန်ထမ်းများ သမဝါယမအသင်း လီမိတက်၏ ၂၀၀၃-၂၀၀၄ ခုနှစ်အတွက် အသားတင် အစုပေါ်အမြတ်ငွေမှ အကျိုးခံစားခွင့်ငွေပေါင်း ၅၈၅၇၈၁ ကျပ် ၉၁ ပြားကို အသင်းသားတစ်ဦးချင်းသို့ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက်က ဒေးဒရဲမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးလှရီနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ သမဝါယမ အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်ထွန်း နှင့် အသင်းသားများ တက်ရောက်ကြပြီး အသင်းသား ၁၀၁၅ ဦးတို့အတွက် အမြတ်ငွေ အကျိုးခံစားခွင့်ကို ပေးအပ်ကြသည်။ **(အောက်ပုံ)** **(၀၁၀)**





# မိုင်းဖြတ်မြို့ လူငယ်လေ့ကျင့်ရေးသင်တန်းဖွင့်

**မိုင်းဖြတ် စက်တင်ဘာ ၁၈**

မိုင်းဖြတ်မြို့နယ် ကြက်ခြေနီအသင်း၊ သူနာပြုတပ်ဖွဲ့လူငယ်လေ့ကျင့်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက်က အထက်တန်းကျောင်း သိပ္ပံခန်းမဆောင်၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမင်းလွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်း တပ်ရင်းမှူး ဒုတိယရဲမှူးတင်ရွှေက သင်တန်းတွင် ပို့ချရမည့်ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းတို့ကို ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

# ဟသ်ာတတွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**ဟသ်ာတ စက်တင်ဘာ ၂၀**

မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကိုဟသ်ာတမြို့ အစိုးရနည်းပညာကောလိပ်ဝင်း အတွင်းတွင် စက်တင်ဘာ ၁၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲတော် ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရ နည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးသက်ထူးဟန်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ **(အောက်ပုံ)** နှင့် နတ်မော်ရွာ ပြည်သူများ စုပေါင်း၍ အစိုးရ နည်းပညာကောလိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရ သစ်ပင် ၁၅၀၀ ကျော်ကို တပျော်တပါး စိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**



**စက်တင်ဘာ ၁၈ရက်က ထားဝယ်မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း နှင့် ဦးစီးအရာရှိ ဦးဘဂွမ်တို့ အာဇာနည်လမ်းမြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းကို ကြီးကြပ်ဆောင် ရွက် ကြစဉ်။** (က-ပ)



# ပုဏ္ဏားဘကွန်းဇာတ်ကား ဗီဒီယိုအဖြစ်ပြသ၊ ယခုအပတ်ဗီဒီယို ၁၄ကား ဖြန့်ချိ

**မောင်ဆွေထွန်း**

**ရန်ကုန် စက်တင်ဘာ ၂၇**

အမျိုးသားရုပ်ရှင်မှ **'ပုဏ္ဏားဘကွန်း'** ဇာတ်ကားကြီးကို ဗီဒီယိုဇာတ်ကားအဖြစ် ပြန်လည်အသက်သွင်း၍ ယခုအပတ်၌ ဖြန့်ချိပြသနိုင်သည်ကို တွေ့ရသည်။ စက်တင်ဘာ ၂၇ရက်မှစ၍ မြန်မာ ဗီဒီယိုဇာတ်ကား ၁၄ ကား ဖြန့်ချိပြသနိုင်မည်ဖြစ်ရာ **'ချစ်အဏ္ဏဝါ'** ရုပ်ရှင်ဇာတ်ကားကြီးကိုလည်း ဗီဒီယိုဇာတ်ကားအဖြစ် ကြည့်ရှုကြရမည် ဖြစ်သည်။

ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာစိုးဝင်း ရိုက်ကူး၍ လွင်မိုး၊ စိုးသူနှင့် မေသဉ္ဇာဦးတို့ပါဝင်သော **'ချစ်အဏ္ဏဝါ'** (ရုပ်ရှင်ဇာတ်ကားကြီး)။ တက်လမ်းဗီဒီယိုမှ ဒါရိုက်တာအောင်အောင်ဦး ရိုက်ကူး၍ နိုင်ထက်ဦး၊ ဝါဝါမေမောင်တို့ ပါဝင်သော **'ရန်ငြိုးရန်ကြွေး'** ဇာတ်ကား။ ခင်နှဲ့နှဲ့မူ ဗီဒီယိုမှ ဒါရိုက်တာ ခင်နှဲ့နှဲ့မူ ရိုက်ကူး၍ ခင်နှဲ့နှဲ့မူ၊ ငြိမ်းချမ်းနှင့် ကောင်းကျော်တို့ ပါဝင်သော **'ခင်နှဲ့နှဲ့မူအငြိမ့်'** ဇာတ်ကား။

စန္ဒီပိုက်ဗီဒီယိုမှ ဒါရိုက်တာမောင်မောင်ဦး ရိုက်ကူး၍ နိုင်းနိုင်း၊ နန္ဒာလှိုင်တို့ပါဝင်သော **'ယုံချင်ယုံ မယုံချင်နေ'** ဇာတ်ကား။

မင်းသူအောင် ဗီဒီယိုမှ ဒါရိုက်တာ မောင်မောင်သက်ခိုင် ရိုက်ကူး၍ ဧရာ၊ မန်းဝင်း၊ ငြိမ်းချမ်းနှင့် ခိုင်နှင်းဝေတို့ ပါဝင်သော **'ကမ္ဘာကြီးပေါ်မှာ နှစ်ယောက်ထဲ'** ဇာတ်ကား။ လပ်ကီးဆဲဗင်းဗီဒီယိုမှ ဒါရိုက်တာမျိုးထူး ရိုက်ကူး၍ လူမင်း၊ မျိုးစန္ဒီကျော်၊ ဆုရွှန်းလဲ့နှင့် ကင်းကောင်တို့ ပါဝင်သော **'စတုတ္ထမြောက် ရင်ခုန်သံ'** ဇာတ်ကား။ မျက်ခြယ်ဗီဒီယိုမှ ဒါရိုက်တာ သန့်ဇင်အောင် ရိုက်ကူး၍ ခင်လှိုင်၊ မင်းအုပ်စိုး၊ လင်းဇာနည်ဇော်နှင့် ရတနာခင်တို့ ပါဝင်သော **'လူပါး'** ဇာတ်ကား။

ဝင်းဘရားသား ဗီဒီယိုမှ ဒါရိုက်တာ မောင်နီလွင်(သပြု) ရိုက်ကူး၍ အောင်ပိုင်၊ နေရဲလင်းနှင့် ခိုင်တို့ ပါဝင်သော **'မိုးကျော်အောင်ထွန်း'** ဇာတ်ကား။ အောင်ဗီဒီယိုမှ ဒါရိုက်တာ မျိုးဇင်ကို ရိုက်ကူး၍ ဇေယျာ၊ ညီညီမင်းထက်နှင့် ယွန်းနဒီတို့ ပါဝင်သော **'ဖိုးသူတော်နှင့် ကျောက်လက်ဝါး'** ဇာတ်ကား။ ဒီဗွီစီ ဗီဒီယိုမှ ဒါရိုက်တာ မောင်သိန်းနိုင် ရိုက်ကူး၍ ကုသိုလ်၊ ဖိုးဖြူနှင့် ချစ်စရာတို့ ပါဝင်သော **'ငွေမျက်နှာ'** ဇာတ်ကား။

ပြည့်ဖြိုးမြတ် ဗီဒီယိုမှ ဒါရိုက်တာ ကျော်သူရိုက်ကူး၍ ကျော်သူ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာနှင့် ဇာဂနာတို့ ပါဝင်သော **'ပုဏ္ဏားဘကွန်း'** ပထမပိုင်းနှင့် ဇာတ်သိမ်းပိုင်း (ရုပ်ရှင်ဇာတ်ကားကြီး)။ ကျော်ကျော်ဦး ဗီဒီယိုမှ ဒါရိုက်တာရဲမင်းပိုင် ရိုက်ကူး၍ ရဲမင်းပိုင်၊ အောင်ပိုင်နှင့် ရွှန်းလဲ့ဦးတို့ ပါဝင်သော **'ပေါက်ခေါက်ကို ကြိုက်မှာလား၊ လိပ်ပုကို ကြိုက်မှာလား'** ဇာတ်ကား။

ရွှေကံ့ကော်ဗီဒီယိုမှ ဒါရိုက်တာ သက်ပိုင်စိုး ရိုက်ကူး၍ ကင်းကောင်၊ မြို့တော်ချစ်ဖွယ်၊ ကျော်ထူးနှင့် မေသူတို့ပါဝင်သော **'ဆားပုလင်းကင်းကောင်နှင့် ဒေါက်တာစံထွား'** ဇာတ်ကား။

စိန်ဌေးဗီဒီယိုမှ ဒါရိုက်တာ ခင်မောင်ဦးနှင့် စိုးသိမ်းထွဋ် ရိုက်ကူး၍ နေထက်လင်း၊ လင်းဇာနည်ဇော်တို့ ပါဝင်သော **'ကပ္ပိယဒီလုံး'** ဇာတ်ကားတို့ ဖြန့်ချိပြသမည် ဖြစ်သည်။ ။

**(မြန်မာ့အလင်း)**

**ရင်ခုန်သံ ဇာတ်ကား**



**စတုတ္ထမြောက် ရင်ခုန်သံ ဇာတ်ကားမှ လူမင်း၏ အမူအရာ။**



**ပုဏ္ဏားဘကွန်း ဇာတ်ကားမှ ကျော်သူနှင့် ထက်ထက်မိုးဦးတို့၏ သရုပ်ဆောင်ဟန်။**

**အလှအပ**



**ယုံချင်ယုံ မယုံချင်နေ ဇာတ်ကားမှ နန္ဒာလှိုင်၏ အလှအပ။**

## ပလင်ငါးတန် ပွဲ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ပိုင်းမော်မြို့လှပရေး မြေခြင်းအလှပြုပြင်

**ပိုင်းမော် စက်တင်ဘာ ၁၃**

ပိုင်းမော်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပိုင်းမော်မြို့အဝင် ဗလမင်းထင်တံတားထိပ်တောင်ကုန်း၌ မြေခြင်းအလှပြုပြင်ခြင်း လုပ်ငန်းကို ဩဂုတ် ၂၃ရက်က ရုံးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးသန်းထွန်းဝင်းတို့က ကြီးကြပ်ဆောင်ရွက်ကြသည်။

**(ပြည်နယ်စည်ပင်)**

**ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ကျေးလက်နေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ဩဂုတ်၂၆ရက်က ငှက်ပျောတော စံပြကျေးရွာတွင် အဖွဲ့ပိုင် ရေတွင်းတူးစက်နှင့် ဝန်ထမ်းများ ရေတွင်းတူးဖော်မှုကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမင်းလွင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)





## ကြီးကြပ်ဆောင်ရွက်

**မန်စီမြို့တွင် မြို့နယ်စည်ပင်သာယာဈေးရှေ့ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းရှင်းလင်းဆောင်ရွက်မှုကို စက်တင်ဘာ ၁ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဆွေနှင့် အဖွဲ့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



## လွှဲပြောင်းပေးအပ်

**ရေဦးမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာနဝင်းအတွင်း ဩဂုတ်၃၁ရက်က လယ်ယာ၁၆ လက်တွန်းထွန်စက် အမျိုးအစား ၁၆ စီးကို မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာက ရေဦးမြို့နယ် ကျေးရွာအုပ်စု ၁၆ အုပ်စုမှ တောင်သူ ၁၆ ဦးတို့အား လယ်ယာ ၁၆ လက်တွန်းထွန်စက် ၁၆ စီးကို လွှဲပြောင်းပေးအပ်စဉ်။** (၃၇၈)



**စက်တင်ဘာ ၂၄ရက်က မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ် အမက(၂)၌ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေး အလှူရှင် ဦးမြင့်ဆွေ-ဒေါ်ငယ်တို့၏သမီး တတိယတန်း(က)မှ မနှင်းအဥ္ဇလီ၏ မွေးနေ့အတွက် ကျောင်းသား ကျောင်းသူများအား ကြက်သား ဆန်ပြုတ် အာဟာရကျွေးမွေးရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းနှင့် ဆရာမများ ကြီးကြပ်ကျွေးမွေးကြစဉ်။** (က-ပ)



**စက်တင်ဘာ၄ ရက်က ကော့မှူးမြို့ စိမ်းလန်းစိုပြည်ရေးအတွက် ချမ်းမြေ့သာယာပန်းခြံ အတွင်း မြက်ခင်း အလှများ ပြုပြင်ခြင်းနှင့် မြက်ပင် ချုံနွယ်များ ရှင်းလင်းခြင်း တို့ကို ကော့မှူး မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးဌေးလှိုင် ဦးဆောင်၍ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

- မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက်မြင့်မားရေး။
- မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
- မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
- မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
- လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။
- တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

မွန်ပြည်နယ် ၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် (၂၀၀၃-၂၀၁၂) အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများ ဆုပေးပွဲကို စက်တင်ဘာ ၈ ရက်က မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၆၈)




(၉) (၁၀) စာသင်သားများအတွက် သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ခန်းစာများ ပါရှိပါသည်။

JUNIOR LEADER

Shwezigon Pagoda (Monywa)

Read Junior Leader to Improve your English.

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးမှူးဒေါ်မြင့်သိန်း၊ ကဝမြို့နယ်ဥက္ကဋ္ဌဦးစိုင်းမောင်လူနှင့် အတွင်းရေးမှူးဦးသူရ၊ မြို့နယ်အတွင်းရေးမှူးဦးအေးနိုင်နှင့် အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ သနပ္ပင်ငါးလုပ်ငန်းစခန်းမှ ငါးသားပေါက်၁၀သိန်းကို စက်တင်ဘာ ၁၅ရက်က ပဲခူးမြစ်အတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## ကျေးလက် ရေတွင်းတူးဖော်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၆**

ဆင်ပေါင်ဝဲမြို့နယ်တွင် ကျေးလက်ဒေသများသန့်ရှင်းသော သောက်သုံးရေ ရရှိရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၁၀ရက်က လယ်ကျိုးအုပ်စု မကြီးစမ်းကျေးရွာ၌ နှစ်လက်မစက်ရေတွင်း တူးဖော်မှုကို အမှုဆောင်အရာရှိ ဦးအောင်ရွှေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ **(မြို့နယ် စည်ပင်)**



## ကြီးကြပ်ဆောင်ရွက်

မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့အင်္ဂါရပ်နှင့်အညီဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းဘေးဝဲယာတွင် ပလက်ဖောင်းကပ်တုံးများ ပြုလုပ်မှုကို စက်တင်ဘာ ၁၄ရက်က အမှုဆောင်အရာရှိဦးမျိုးဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မြမြသင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)



## ပေါင်းတည်မြို့နယ်မြောက်ကုန်းကြီး ကျေးလက်လမ်းပြီးစီးမှု စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကြည့်ရှုစစ်ဆေး

**ပြည် စက်တင်ဘာ ၂၅**

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဘုရားငါးဆူ-မြောက်ကုန်းကြီး ကျေးလက်မြေနီကျောက်စရစ်လမ်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁၇ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးမှုကို မြို့နယ်အမှုဆောင် အရာရှိ ဦးအောင်ကြိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူအောင်တို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

အဆိုပါလမ်းသည် အရှည်တစ်မိုင်၊ အကျယ် ၁၀ပေ ကျောက်စရစ်လမ်းဖြစ်ပြီး ကျပ်၃၂သိန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့သည်။ **(၄၀၃)**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား (၁၇)နှစ်အောက်ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော သုံးခွမြို့နယ်ဘောလုံးအားကစားသမားများအား ဂုဏ်ပြုဆုပေးပွဲကို စက်တင်ဘာ ၄ရက်က မြို့နယ်အားကစားခန်းမဆောင်၌ ကျင်းပရာ သုံးခွမြို့နယ်ဥက္ကဋ္ဌဦးခင်မောင်အေးအား ပထမတံခွန်စိုက်ဖလားကို သုံးခွမြို့နယ်အားကစားနှင့် ကာယပညာကော်မတီ တာဝန်ခံဦးအောင်မိုးနှင့် ဘောလုံးအသင်းသားများက လွှဲပြောင်းပေးအပ်စဉ်။ (၁၃၇)



## အမြို့မြို့ အနယ်နယ် သတင်းများ

### ရွှေဘိုမြို့ မဟာနန္ဒာကန် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**ရွှေဘို စက်တင်ဘာ ၂၃**

ရွှေဘိုမြို့နယ် မဟာနန္ဒာကန်တော်အတွင်းသို့ စက်တင်ဘာ ၁၈ရက်က ငါးလုပ်ငန်းစခန်းမှ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အတွင်းရေးမှူးဗိုလ်မှူးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌဦးမြငွေ၊ ငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာနအရာရှိများ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဗိုလ်မှူးစိုးဝင်းက မဟာနန္ဒာကန်တော်အတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက်များ စတင်စိုက်ထည့်ပေးပြီး တာဝန်ရှိသူများကလည်း ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းကို စိုက်ထည့်ကြသည်။**(အောက်ပုံ)**

**(ခရိုင် ပြန်/ဆက်)**





# မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း စမ်းချောင်းမြို့နယ် အထက(၄) အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ တက်ရောက်အားပေး ခေတ်မီသင်ထောက်ကူပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူလေ့ကျင့်နေမှုများကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

**ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲ တွင် အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ **စာမျက်နှာ ၈ ကော်လံ ၁** ✻






မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်တိုင်း ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်ပေးစဉ်။ (သတင်းစဉ်)

## အီရတ်၏ လုံခြုံရေးပြဿနာ မည်သည့် ပြည်ပတပ်ဖွဲ့မျှ မဖြေရှင်းနိုင် အမေရိကန်တို့အား ပိုမိုဆန့်ကျင်စေ

ဝါရှင်တန် စက်တင်ဘာ ၂၇

**အီရတ်တို့၏ လူမှုလုံခြုံရေးပြဿနာများကို ဖြေရှင်းရန်မှာ ပြည်ပတပ်ဖွဲ့များလာရောက်မှုသည်အဖြေမဟုတ်ကြောင်း ပါကစ္စတန် သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ပြောကြားလိုက်သည်။**

မည်သည့် ပြည်ပတပ်ဖွဲ့ကိုမျှ အီရတ်က လက်ခံကြိုဆိုခြင်း မရှိကြောင်း၊ နိုင်ငံခြားသားများကို မည်သူ တစ်ဦး တစ်ယောက်ကမျှ မနှစ်မြို့ကြောင်း နယူးခ်ဝိခ်မဂ္ဂဇင်းနှင့် တွေ့ဆုံ မေးမြန်းစဉ် မူရှာရက်ဖ်က ပြောကြားသည်။

အဖြေမှာ နောက်ထပ် ပြည်ပမှတပ်ဖွဲ့များ ခေါ်ယူစရာမလိုဘဲ အီရတ်ကိုယ်ပိုင်တပ်ဖွဲ့အား တိုးမြှင့်ခြင်းဖြင့် လုံခြုံရေးကိုယူနိုင်ကြောင်း သမ္မတမူရှာရက်ဖ်က ဆက်လက်ပြောကြားသည်။

စီအင်န်အင်န် သတင်းဌာနသို့ မူရှာရက်ဖ်က သောကြာနေ့၌ ပြောကြားရာတွင် အီရတ်ကိုဆင်နွှဲသည့် စစ်ပွဲသည် ကမ္ဘာကြီးကို လုံခြုံမှုရှိသော နေရာဒေသအဖြစ် လုပ်မပေးနိုင်ကြောင်း၊ ယင်းအစား တုံ့ပြန်မှုမှာ ပေါက်ကွဲမှုများ၊ ဗုံးခွဲမှုများနှင့်အသေခံဗုံးခွဲမှုများ ပို၍ ဖြစ်ပွားလာခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

၎င်းက အီရတ်ကို အမေရိကန်နှင့်အပေါင်းပါများ ကျူးကျော်တိုက်ခိုက်ခြင်းသည် အခြေအနေကို ပိုမိုရှုပ်ထွေးလာစေပြီး အမေရိကန်တို့အား ပိုမိုဆန့်ကျင်လာစေသည်ဟုလည်း သမ္မတ မူရှာရက်ဖ်က ဆက်လက်ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## အရာတော်(၂)လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေတင်အဆင့်ခုနစ်ဆင့်ဖြင့် တည်ဆောက် အဆင့်တစ်ခုပြီးတိုင်း စိုက်ပျိုးရေးဆိုင်ရာအကျိုးရလဒ်တစ်ခု ပိုမိုရရှိအောင်ရည်မှန်း စီမံကိန်းကြီးပြီးစီးပါက ဧက ၂၀၀၀၀ တစ်နှစ်ပတ်လုံးရေဖူလုံစွာပေးနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၇**

လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် ရန်ကုန်မြို့မှထွက်ခွာကြရာ နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့သို့ရောက်ရှိကြသည်။

**မုံရွာမှကြိုဆို**

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်း၊ **စာမျက်နှာ ၆ ကော်လံ ၁** ■

**လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စစ်ကိုင်းတိုင်း မြောင်မြို့နယ် ပရိမ္မကျေးရွာအနီး ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ တွင်းကြီးလျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)**

